မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၈ ရက်၊ ၂၀၀၇ ခုနှစ်၊ ဧပြီ ၉ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၉၁)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မွန်ပြည်နယ် သထုံခရိုင်အတွင်း၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၈

မွန်ပြည်နယ် သထုံမြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၅ ရက် နံနက် ၇ နာရီခွဲတွင် သထုံမြို့နယ် ထောင်မှူးကျေးရွာအုပ်စု မြတ်စံကျေးရွာရှိ နွေစပါး ၃၁၃၉ ဧကစိုက်ခင်းသို့ သွားရောက်၍ ဒေသခံတိုင်းရင်းသားတောင်သူများနှင့်တွေ့ဆုံ၍ နွေစပါးတိုးတက်စိုက်ပျိုး ထုတ်လုပ်ရေးဆိုင်ရာများကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ယင်းသို့တွေ့ဆုံရာတွင် ရှေးဦးစွာ သထုံမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးချမ်းငြိမ်းအောင်က မြို့နယ်အနေဖြင့် ၂၀၀၆-၂၀၀၇ ခုနှစ် နွေစပါးစိုက်ပျိုးမှုကို လျာထားဧက ၁၀၀၀၀ အပေါ် ၁၃၀၈၅ ဧကအထိ စိုက်ပျိုးနိုင်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းက နွေစပါးတိုးတက်စိုက်ပျိုးနိုင်ရန် စီမံဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ထောင်မှူးကျေးရွာအုပ်စုမှ တောင်သူဦးစောဘွားနှင့် ဦးစောညွန့်တို့၏ နွေစပါးမနှောသုခ ရိတ်သိမ်းနိုင်သည့် အခြေအနေနှင့် စပါးပင်တစ်ပင်၏ နှံပွား၊ ပင်ပွားနှင့် တစ်နှံ၏ စပါးစေ့အရေအတွက်တို့ကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ကျိုက်ထိုမြို့နယ် စစ်တောင်းစံပြကျေးရွာ ကိုယ့်အားကိုယ်ကိုး ကျွန်တော့်ရွာစာပျိုးခင်း စာကြည့်တိုက်တွင် ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း နိုင်ငံတကာသတင်း၊ အားကစားအညွှန်း

ကြက်ငှက်တုပ်ကွေး ပညာပေးအစီအစဉ် တစ်ရပ်အဖြစ် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကြက်သားပေါက်သဏ္ဌာန် စက်ရုပ်လေးများ ထုတ်လုပ်ထားမှုကို ကလေးများ ကြည့်ရှုနေကြသည်ကို တွေ့ရစဉ်။

နိုင်ငံတကာသတင်း (စာ - ၁၀)

ကြက်ငှက်တုပ်ကွေးရောဂါ လူကိုလူချင်း ကူးသည့်အဆင့် မရောက်သေး။

အင်တာနက်ကျန်းမာရေး (စာ - ၁၃)

အီတလီ စီးရီးအေပွဲစဉ်(၃၁) အင်တာမီလန်တို့ သရေပွဲကြုံ

အင်တာမီလန်အသင်းမှ လူးဝစ်ဖီဂို၏ ထိုးဖောက်ယှဉ်ပြိုင်ကစားမှု။

ကမ္ဘာတစ်လွှား အားကစား (စာ - ၁၂)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၀၇ ခုနှစ်၊ ဧပြီလ ၉ ရက်)

ကမ္ဘာ့ပြည်သူများကို အန္တရာယ်ပေးနေသည့် ရောဂါဆိုးကြီးများ နိုင်ငံတကာနှင့် ပူးပေါင်း ကာကွယ်တိုက်ဖျက်သွားမည်

နိုင်ငံတော်က ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်စေရေး အတွက် နှစ်(၃၀) အမျိုးသားကျန်းမာရေး နှစ်ရှည်စီမံကိန်းကို ချမှတ်ဖော်ဆောင်ပေးလျက် ရှိသည်။

တိုင်းရင်းသားပြည်သူများ ကျန်းမာရေးအသိပညာမြင့်မားပြီး ကျန်းမာရေးနှင့်လျော်ညီစွာ ကျင့်ကြံနေထိုင်နိုင်ရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီးများတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် ကျန်းမာရေးအဆင့် မြင့်တင်ရေးလုပ်ငန်းများကို ချမှတ်ဆောင်ရွက် ခဲ့သည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ရေကောင်းရေသန့် ရရှိရေးတို့သည် ရောဂါထိန်းချုပ်ရေးကို အထောက်အကူဖြစ်စေပြီး ပြည်သူများ၏ ကျန်းမာရေးနှင့် လူမှုရေးအဆင့်အတန်း မြင့်မားစေခဲ့သည်။

မျက်မှောက်ကမ္ဘာ၌ တီဘီရောဂါ၊ ငှက်ဖျားရောဂါများကဲ့သို့ အေအိုင်ဒီအက်စ်ရောဂါ၊ SARS ရောဂါ၊ ကြက်ငှက်တုပ်ကွေးရောဂါ စသည့်ရောဂါသစ်များသည် ကမ္ဘာ့ပြည်သူတစ်ရပ်လုံးကို ခြိမ်းခြောက်လျက်ရှိသည်။

နိုင်ငံတော်က SARS ရောဂါ နိုင်ငံအတွင်း ကူးစက်မရောက်ရှိရေး ကာကွယ်နိုင်သကဲ့သို့ ကြက်ငှက်တုပ်ကွေးရောဂါ ပြန့်ပွားမှုမရှိစေရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကမ္ဘာ့စားနပ်ရိက္ခာ အဖွဲ့များ အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

HIV/AIDS ရောဂါ၊ တီဘီရောဂါ၊ ငှက်ဖျားရောဂါများကိုလည်း အမျိုးသားရေးအသွင်ဖြင့် တိုက်ဖျက်ရာတွင် နိုင်ငံတော်က ပြည်တွင်းပြည်ပ လူမှုရေးအဖွဲ့အစည်းများနှင့် လှုပ်ရှားဆောင်ရွက် လျက်ရှိသည်။ ယင်းသို့ ကာကွယ်တိုက်ဖျက်ရာတွင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းလုပ်ဆောင်ခဲ့ကြသဖြင့် ရည်မှန်းချက်များ ပေါက်မြောက် အောင်မြင်စေခဲ့သည်။

နိုင်ငံတော်အနေဖြင့် ကမ္ဘာ့ပြည်သူများအား အန္တရာယ်ပေးနေသည့် ရောဂါဆိုးကြီးများ ပျောက်ကွယ်သွားသည်အထိ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ မိတ်ဆွေနိုင်ငံများ၊ ပြည်တွင်းပြည်ပ လူမှုရေး အသင်းအဖွဲ့များနှင့် ပူးပေါင်းလုပ်ဆောင်ပြီး ဆက်လက်တိုက်ဖျက်သွားမည်သာ ဖြစ်ပါ ကြောင်း ရေးသားဖော်ပြလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုးချဲ့တာဝန်ပေးအပ်သော ရည်မှန်းချက်များ အောင်မြင်စွာထမ်းဆောင် တိုးတက်လာသော နည်းပညာနှင့်အညီ သင်တန်းများဖွင့်လှစ် လေ့ကျင့်ပေး

ရန်ကုန် ဧပြီ ၈

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်သည် မြန်မာ့မီးရထားမှ တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ၆ရက် နံနက်ပိုင်းက မြစ်ငယ်လူစီးတွဲနှင့် ကုန်တွဲစက်ရုံသို့ရောက်ရှိပြီး လူစီးတွဲများ တိုးမြှင့် တည်ဆောက်ရေးအတွက် ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေး မှာကြားသည်။

ဒုတိယဝန်ကြီးသည် တွဲတည်ဆောက်နေမှု၊ အဆင့်မြင့်လူစီးတွဲများ တည်ဆောက်မှု၊ စက်ပစ္စည်းများ တပ်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ဆွေးနွေးမှာကြား

ထို့နောက် ဒုတိယဝန်ကြီးသည် စက်ရုံမှူး၊ အထွေထွေမန်နေဂျာ၊ အရာထမ်းများနှင့် ကြီးကြပ်ရေး ဝန်ထမ်းများအား တွေ့ဆုံ၍ တိုးချဲ့တာဝန် ပေးအပ်သော ရည်မှန်းချက်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်ရန်အတွက် ဝန်ထမ်းများ၏ အရည်အသွေးနှင့် ကျွမ်းကျင်မှုများကို တိုးတက်လာသော နည်းပညာများနှင့်အညီ သင်တန်းများ ဖွင့်လှစ် လေ့ကျင့် ပေးရေးအတွက် စာအုပ်စာတမ်းများအပါအဝင် e-Library ဖွင့်လှစ်ထားရှိရေး၊ ပြင်ပမှ တိုးတက်မှုများကို ရယူနိုင်ရေးအတွက် နည်းပညာတက္ကသိုလ်မှ ဆရာများ၊ ပြင်ပနည်းပြများ၊ အတွေ့အကြုံရှိသူများအား ခေါ်ယူ၍ လေ့ကျင့်မှုနှင့် ဆွေးနွေးပွဲများကျင်းပရေး၊ အချိန်နှင့် ပစ္စည်းအလေအလွင့်များ ဂရုစိုက်ထိန်းသိမ်းရေး၊ စက်များစွမ်းအားပြည့် အသုံးပြုနိုင်ရေးစသည်တို့ကို ဆွေးနွေး မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ရွာထောင်ဒီဇယ်စက်ခေါင်း စက်ရုံသို့ရောက်ရှိပြီး စက်ရုံ၌ စက်ခေါင်းများ အကြီးတန်း၊ အလတ်တန်းပြင်ဆင်နေမှု၊ စက်ခေါင်းသစ်များ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

မှာကြားဖြည့်ဆည်းပေး

ထို့နောက် စက်ရုံမှူး၊ အရာထမ်းများနှင့် ကြီးကြပ်ရေးဝန်ထမ်းများအား တွေ့ဆုံ၍ စက်ခေါင်းသစ်တည်ဆောက်ရေးတာဝန်များကို တိုးမြှင့်ဆောင်ရွက်နေရသော အင်းစိန်စက်ခေါင်းစက်ရုံ၏ ပုံမှန်စက်ခေါင်းများ အကြီးတန်း၊ အလတ်တန်း မွမ်းမံပြင်ဆင်မှုလုပ်ငန်းများကို ဤစက်ရုံမှ ကူညီဆောင်ရွက်ပေးရန်၊ စက်ရုံ၏ စွမ်းအားပြည့်ထုတ်လုပ်မှုကို မြှင့်တင်ရေး၊ ဆောင်ရွက်နေသော လုပ်ငန်းတိုင်း စီးပွားရေး တွက်ခြေကိုက်စေရေးအတွက် အစဉ်သုံးသပ်ဆောင်ရွက်ရေး၊ လူ၏အရည်အသွေး မြှင့်တင်ပေးနိုင်ရေး၊ လုပ်ငန်းတိုင်း နည်းစနစ်တကျ တိုးတက်စေရေးအတွက် ထိရောက်စွာစီမံခန့်ခွဲသုံးသပ်ဆောင်ရွက် ရေးတို့ကို မှာကြားပြီး စက်ရုံ၏ လုပ်ငန်းအခက်အခဲဆိုင်ရာ တင်ပြချက်များအပေါ် မှာကြားဖြည့်ဆည်း ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၉-၄-၂၀၀၇
(တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	မိုးတရားတော် (ခေတ်ငါးခေတ်ရှင်း) ပြည်တွင်း၊ ပြည်ပ သာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မ ကိတ္တိသာရ (ပဓာနနာယကမဟာကမ္မဋ္ဌာနာစရိယ)
၈း၀၀	ဖူးမြော်စေချင်သည် မဇ္ဈိမဒေသတစ်ခွင်
၈း၄၅	ခါသကြိန်အဆိုအက
၈း၅၀	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၉း၀၅	ခါသကြိန်အဆိုအက
၉း၁၀	မြက်ခင်းတုနှင့် အားကစားဟော်ကီ
၉း၂၅	ပြည်တွင်းသတင်းအကျဉ်း
၉း၃၅	သီချင်းကောင်းကောင်းသီချင်းတောင်း
၁၀း၀၀	ထင်ရှားဖူးမြော် မွေတော်ကဏ္ဍုစေတီတော်
၁၀း၁၅	ခါသကြိန်အဆိုအက
၁၀း၂၀	စားချင်စဖွယ် နည်းအသွယ်သွယ် (ဟော့ပေါ့ ချက်ပြုတ်နည်း)
၁၀း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၄၅	ဓမ္မအလင်းရောင်
၁၁း၂၀	မိုးလေဝသခန့်မှန်းချက်
၁၁း၂၅	ခါသကြိန်အဆိုအက
၁၁း၃၀	သီးနှံစိုက်ပျိုးအထွက်တိုး (စပါးပေါင်းပင်)
၁၁း၄၀	ခါသကြိန်အဆိုအက
၁၁း၄၅	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ သောင်းပြောင်းထွေလာ ကျန်းမာရေး ပြဿနာများ (အပိုင်း-၂) (ဒေါက်တာနိုင်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၂း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၂း၁၀	ရေပျော်ငှက်တို့ နားခိုရာ
၁၂း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၂၅	မှောင်သော်လည်း လင်းနိုင်စွမ်း ရှိသူများ
၁၂း၃၅	ခါသကြိန်အဆိုအက
၁၂း၄၀	အညာမြေမှ မြန်မာ့ပုန်းရည်
၁၂း၅၅	ခါသကြိန်အဆိုအက
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၀၀	ပွဲကြိုသုံးသပ်ချက်	5-Sports (Live)
၆း၁၀	Watford-Portsmouth	5-Sports(Live)
၈း၂၅	Fulham-Man:City	5-Series (Live)
	Newcastle-Arsenal	5-Sports (Live)
၁၀း၃၀	Bolton-Everton	5-Series (SDD)
	Aston Villa-Wigan	5-Sports (SDD)
၁း၂၄	Charlton-Reading	5-Sports (Live)

နှစ်ဖက်မိဘများဖြစ်ကြသော ဦးကျန်-ဒေါ်ညွန့်ယုံ၊ ဦးလှ-ဒေါ်စုတို့အား ရည်စူး၍ အမှတ် ၄၄(က) မယ်ဇီကုန်းလမ်း (၈) ရပ်ကွက် လှိုင်မြို့နယ်နေ ဦးသန်းလွင်-ဒေါ်စိန်စိန်၊ သားသမီး၊ မြေးတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးတွင် ဆောက်လုပ်နေသော ခြောက်ထပ်ဆေးရုံသစ်ကြီး အတွက် အလှူငွေကျပ် ငါးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၉-၄-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၅	၄။	ကြည်နူးနားဆင် ပြုံးပျော်ရွှင်
၄း၃၀	၅။	ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၅၀	၆။	မျိုးချစ်တပ်မတော်
၅း၁၀	၇။	ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၂၀	၈။	ခါသကြိန်အဆိုအကများ
၅း၃၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၁၅	၁၂။	မိုးလေဝသသတင်း
၆း၂၀	၁၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၂၅	၁၄။	ခါသကြိန်အဆိုအကများ
၆း၃၅	၁၅။	လျှပ်တစ်ပြက်
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရှိတော့ရှိတယ် ရှားတယ်** (အပိုင်း-၆)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
	၁၉။	မေးမြန်းစူးစမ်း
	၂၀။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၁။	English Premier League ဘောလုံးပွဲ Bolton Wanderers Vs Everton (Delay)

ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဧပြီ ၈

ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီကကြီးမှူးကျင်းပသော ၂၀၀၇ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ရန်ကင်းပညာရေးကောလိပ် မြတ်ပညာခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင်နိုင်ငံပေါင်း (၁၉၀) ကျော်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ မွေးနေ့ဖြစ်သော ဧပြီ ၇ရက်နေ့ရောက်တိုင်း ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ကျင်းပလေ့ရှိကြောင်း။

ယနေ့ခေတ်ကမ္ဘာကြီး၏ကုန်သွယ်မှုနှင့် ကူးသန်းသွားလာမှုသည် ကမ္ဘာအနှံ့အပြား တိုးတက်ကျယ်ပြန့်လာလျက်ရှိရာ လက်ရှိဖြစ်ပွားနေသည့် ကျန်းမာရေးပြဿနာများနှင့် ခေတ်ပေါ်ရောဂါဆန်းများသည် နိုင်ငံများ၏ နယ်နိမိတ်များကို ဖြတ်ကျော်လျက် ကူးစက်ပျံ့နှံ့ပြီး လူသားထုတစ်ရပ်လုံး ဘဝလုံခြုံမှုကို ခြိမ်းခြောက်လျက်ရှိနေကြောင်း၊ ယခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ ဆောင်ပုဒ်မှာ 'Invest in Health, Build a Safer Future' အနာဂတ်ဘဝလုံခြုံဖို့၊ ကျန်းမာရေးအတွက် ရင်းနှီးစို့ဖြစ်ပြီး လူသားအားလုံး၏ ကျန်းမာရေးနှင့် ဘဝလုံခြုံရေးကို ခြိမ်းခြောက်နေသည့် ရောဂါများနှင့် အန္တရာယ်ဆိုးများမှ ကင်းလွတ်စေခြင်းငှာ ကျန်းမာရေးအတွက်ပိုမိုရင်းနှီးမြှုပ်နှံကြရန် ဖော်ညွှန်းထားကြောင်း။

လူတိုင်းအတွက် ကျန်းမာရေးလုပ်ငန်းများကို ကြိုးစားဆောင်ရွက်ကြရေး၊ ကူးစက်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများတွင် တက်ညီလက်ညီပါဝင်ဆောင်ရွက်ကြရေးနှင့် အနာဂတ်ဘဝလုံခြုံစိတ်ချနိုင်ရန် စုပေါင်းရင်းနှီးမြှုပ်နှံကြရေးတို့အတွက် အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက်ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ သဝဏ်လွှာကို ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်က ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း လူထုကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း ထူးချွန်ဆုရ မြို့နယ်များအား ဆုချီးမြှင့်ပွဲကို ကျင်းပရာ တိုင်းမှူးဗိုလ်ချုပ်လှဋ္ဌေးဝင်းက မြို့နယ်ဆေးရုံများအုပ်စု ပထမဆုရခရမ်းမြို့နယ်၊ ဒုတိယဆုရလှည်းကူးမြို့နယ်နှင့် တတိယဆုများရရှိကြသော ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နှင့်တိုက်ကြီးမြို့နယ်တို့မှ တာဝန်ရှိသူများအားထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက မြို့နယ်ဒေသန္တရကျန်းမာရေးအုပ်စု ပထမဆုရ ဒေါပုံမြို့နယ်၊ ဒုတိယဆုရ ကျောက်တံတားမြို့နယ်၊ တတိယဆုများရရှိကြသော ကြည့်မြင်တိုင်မြို့နယ်နှင့် ပုဇွန်တောင်မြို့နယ်တို့မှ တာဝန်ရှိသူများအား ထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ဇနီး ဒေါ်မာမာဝေနှင့် ဧည့်သည်တော်များသည် မြတ်ပညာခန်းမအဝင်၌ ၂၀၀၇ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်အဖြစ်ခင်းကျင်းပြသထားသော "အနာဂတ်ဘဝလုံခြုံဖို့၊ ကျန်းမာရေးအတွက် ရင်းနှီးစို့"(Invest in health, build a Safer Future)ဆောင်ပုဒ်ပါ ပိုစတာများနှင့် ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီနှင့် ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့၏ ကျန်းမာရေးလှုပ်ရှားမှုမှတ်တမ်း ဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

သင်္ကြန်တွင်း တရားစခန်းပွဲများ

ဝိပဿနာ ၁၀ ရက်တရားစခန်း ကျင်းပမည်

မွန်ပြည်နယ် မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက်တောင်ဝိုင်းလမ်း သန်လျင်တောရ ကမ္မဋ္ဌာန်းကျောင်းတိုက်ကြီးတွင် ဝိပဿနာ ၁၀ရက်တရားစခန်းကို ဧပြီ ၈ရက်မှ ၁၇ ရက်အထိ ကျင်းပလျက်ရှိရာ သန်လျင်တောရ ဓမ္မဝါဒီဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဓမ္မကထိကဆရာတော် အရှင်သူမြတ်တို့က ဝိပဿနာတရားတော်များကို ဟောကြားပြသမည်ဖြစ်၍ ယောဂီများ တရားတော်လာရောက်အားထုတ်ကြရန် နှိုးဆော်ထားကြောင်းသိရသည်။

စံကျောင်းပရိယတ္တိ ခုနစ်ရက် တရားစခန်း

ပဲခူးတိုင်း (အနောက်ပိုင်း) မင်းလှမြို့ စံကျောင်းပရိယတ္တိစာသင်တိုက်တွင် ကျင်းပမြဲဖြစ်သော ခြောက်ကြိမ်မြောက်သင်္ကြန်တွင်း ခုနစ်ရက်တရားစခန်းပွဲကို ကြို့ပင်ကောက်မြို့ ဇောတိရိပ်သာကျောင်းတိုက် ဒုတိယပဓာနနာယက ဘဒ္ဒန္တဝါယမ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဆရာတော်ကိုယ်တိုင်ဦးစီး၍ ၁၃၆၈ခုနှစ် တန်ခူးလပြည့်ကျော် ၁၀ရက်မှ ကဆုန်လဆန်း ၃ရက် (ဧပြီ ၁၁ရက်မှ ၁၈ရက်အထိ) ခုနစ်ရက်တိုင်တိုင် ၎င်းစာသင်တိုက် ဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်သည်။

နိဗ္ဗာန်ရွှေဂူတောရ သင်္ကြန်အထူးတရားစခန်းပွဲ

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အမှတ် (၅) မေခလမ်း သစ်ဆိမ့်ကုန်းရပ်ရှိ ဇေယျဝတီဆရာတော်တည်ထောင်ထားအပ်သော မိုးကုတ်ဝိပဿနာ နိဗ္ဗာန် ရွှေဂူတောရရိပ်သာအတွင်း၌ သင်္ကြန်အထူးတရားစခန်းပွဲကို ဧပြီ ၉ ရက်မှ ၁၉ ရက်အထိ ကျင်းပမည် ဖြစ်သည်။ ယင်းတရားစခန်းပွဲ၌ ရိပ်သာပဓာန နာယက ဇေယျဝတီဆရာတော် ဘဒ္ဒန္တသောဘန (ဓမ္မာစရိယ B.A)က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများ ဦးလှတင်-ဒေါ်အမာနီ အမှတ်(၁၂)က အောက်ထပ် ၂၅လမ်း အောက်ဘလောက်နှင့် ဖုန်း-၀၉-၅၁၃၇၀၈၆သို့ ဆက်သွယ်ရန်နှင့် ယောဂီ ၁၅၀ သာလက်ခံမည်ဖြစ်ပါ၍ မတ်၂၀ရက်နောက်ပိုင်း ကြိုတင်စာရင်းပေးသွင်းနိုင်ရန် နှိုးဆော်ထားကြောင်းသိရသည်။

မိတ္ထီလာဆရာတော် သင်္ကြန်အထူးတရားစခန်းပွဲ

မန္တလေးတိုင်း မိတ္ထီလာမြို့ ကံဦးရပ် ကြည်ကုန်းနယ်မြေ ကျောင်းသစ်ကျောင်း မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲအမှတ်(၁၂၉)၏ သင်္ကြန်အထူးတရားစခန်းပွဲနှင့် မိတ္ထီလာမြို့နယ် သဲကုန်းကျေးရွာ အဖွဲ့ခွဲအမှတ်(၄၁၆)၏ သင်္ကြန်အထူးတရားပွဲများကို ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိလည်းကောင်း၊ ရှမ်းပြည်နယ် နမ့်စန်မြို့တရားစခန်းပွဲကို ကဆုန်လပြည့်ကျော် ၃ ရက်မှ ၁၂ ရက် (မေ ၃ ရက်မှ ၁၂ ရက်)အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကို မိတ္ထီလာ ကျောင်းသစ်ကျောင်းဆရာတော် ဘဒ္ဒန္တပညာစာရ (ကမ္မဋ္ဌာနာစရိယ)က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက်ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မင်္ဂလာဈေး သင်္ကြန်အကြိုဈေးရောင်းပွဲ

ရန်ကုန် ဧပြီ ၈

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ပိုင်အောင်ထရေးဒင်းကုမ္ပဏီတို့ ပူးပေါင်းကျင်းပသည့်အဆင့်မြင့်မင်္ဂလာဈေး သင်္ကြန်အကြိုဈေးရောင်းပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉နာရီက ဈေးရှေ့မုခ်ဦး၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်မှူးကြီး သန်းဝင်း၊ ဈေးများဌာန ဒုတိယဌာနမှူး ဦးခင်ဝင်းနှင့် ပိုင်အောင်ထရေးဒင်းကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးနိုင်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းက မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ရောင်းချ

အဆင့်မြင့်မင်္ဂလာဈေး သင်္ကြန်အကြိုဈေးရောင်းပွဲတော်ကို ဧပြီ ၇ရက်မှ ၁၁ ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၆ နာရီခွဲအထိ ဆိုင်ခန်းပေါင်း ၂၀၀ တို့က ကုန်ပစ္စည်းမျိုးစုံကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးသွားမည်ဟု သိရသည်။ **(က-ပ)**

ဗုဒ္ဓပူဇနီယပွဲနှင့်ရွှေထီးတော်တင်လှူပွဲ

ရန်ကုန် ဧပြီ ၈

စစ်ကိုင်းတိုင်း ရေဦးမြို့ မန်ကျည်းတောရပ် ဒက္ခိဏာရာမကျောင်းတိုက် နာယကဆရာတော်များဦးဆောင်၍ ၁၃၆၉ခုနှစ် ကဆုန်လဆန်း ၂ရက်မှ ၆ ရက်အထိ(၁၇)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ ကဆုန်လဆန်း ၇ရက်တွင် သက်တော်ရှည်စေတီ၊ လာဘမုနိစေတီ၊ ရှစ်မျက်နှာစေတီတော် ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ၊ ရွှေထီးတော်တင်လှူပွဲနှင့်ကဆုန်လဆန်း ၈ ရက်တွင် ပင့်သံဃာအပါး ၁၀၀ကျော်တို့အား ဆွမ်းဆန်စိမ်းနှင့် စာရေးတံမဲလောင်းလှူပွဲများ ကျင်းပပြီး ကဆုန်လဆန်း ၁၁ ရက်မှ ၁၃ရက်အထိ နှစ်သစ်ဦးဓမ္မသဘင်ပွဲကို ရန်ကုန်မြို့ ပုပ္ပား(၃)ကျောင်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် နယ်လှည့်ဓမ္မကထိက အစိုးရဓမ္မာစရိယ ရေဦးဆရာတော် အရှင်နန္ဒာသိရီသည် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက်သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဝမ်းလျှောဝမ်းပျက်ရောဂါ ကာကွယ်ကုသပါ

၁။ ဝမ်းလျှောဝမ်းပျက်ရောဂါသည် ကူးစက်ရောဂါဖြစ်သည်။ ရောဂါပိုးများသည် ရောဂါဖြစ်ပွားနေသူ၏ ဝမ်းနှင့် အံဖတ်များတွင်ပါရှိသည်။ ရောဂါပိုးများပါဝင်သည့် ရေနှင့်အစားအစာများကို စားသောက်မိခြင်းကြောင့် ရောဂါကူးစက်ပြန့်ပွားသည်။

၂။ အစားအသောက်များသည် အောက်ပါအကြောင်းအချက်များကြောင့် ရောဂါပိုးများကူးစက်ဝင်ရောက်နိုင်သည်။

* အစားအသောက်များပေါ်သို့ ယင်အုံယင်နားခြင်း
* အစားအသောက်ထည့်သည့် အိုးခွက်ပန်းကန်များကို မသန့်ရှင်းသည့် ရေဖြင့် ဆေးကြောအသုံးပြုခြင်း
* မသန့်ရှင်းသည့်လက်ဖြင့် အစားအသောက်များကို ကိုင်တွယ်ချက်ပြုတ်ပြင်ဆင်ခြင်း
* မသန့်ရှင်းသည့်အိုးခွက်ပန်းကန်ဖြင့် ချက်ပြုတ်ပြင်ဆင်သိမ်းဆည်းခြင်း

၃။ သောက်သုံးရေများသည် အောက်ပါအကြောင်းများကြောင့်ညစ်ညမ်း၍ ရောဂါပိုးများကူးစက်ဝင်ရောက်နိုင်သည်။

* သောက်သုံးရေအဖြစ်အသုံးပြုသည့် ရေတွင်းရေကန်များအတွင်းသို့ ပြင်ပမှ ညစ်ညမ်းသည့်ရေများ စီးဝင်ခြင်း
* ရေတွင်းရေကန်များထဲသို့ မသန့်ရှင်းသည့် ရေခွက်၊ ရေပုံးများဖြင့် ခပ်ယူခြင်း
* သောက်သုံး ရေတွင်းရေကန်များအနီးတွင် ရေချိုးခြင်း၊ အဝတ်လျှော်ခြင်း
* သောက်သုံး ရေတွင်းရေကန်များသည် အိမ်သာ၊ အညစ်အကြေးစွန့်ရာနေရာစသည်တို့နှင့် နီးကပ်စွာတည်ရှိခြင်း၊ ပို၍နိမ့်သည့်နေရာတွင်ရှိခြင်း
* သောက်သုံး ရေတွင်းရေကန်များအနီးသို့ ကျွဲ၊ နွား၊ ခွေးစသည့် တိရစ္ဆာန်များ ဝင်ရောက်ခြင်း

၄။ ဝမ်းလျှောဝမ်းပျက်ရောဂါဖြစ်ပွားခြင်းမှ ကာကွယ်ရန်

* သောက်သုံးရေတွင်း၊ ရေကန်များအနီးနှင့် မြင့်သောနေရာတွင် အိမ်သာဆောက်ခြင်း၊ မစင်စွန့်ခြင်းတို့မှ ရှောင်ကြဉ်ပါ။
* သောက်သုံးရေတွင်း ရေကန်များအနီးတွင် ရေချိုးခြင်း၊ အဝတ်လျှော်ခြင်း မပြုပါနှင့်။
* ရေတွင်း ရေကန်များထဲသို့ တစ်ဦးချင်းသယ်ဆောင်လာသည့် ရေပုံး၊ ရေခွက်များနှင့် မခပ်ပါနှင့်။
  ရေခပ်ယူရန်လိုအပ်ပါက ရေတွင်းရေကန်အနီးတွင် သန့်ရှင်းသော ရေခွက် ရေပုံး သီးသန့်ထားရှိပါ။
* ရေကိုကျိုချက်၍ သောက်ပါ။
* သန့်ရှင်းလတ်ဆတ်သည့် အစားအစာများကိုစားပါ။
* အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ထားပါ။ ယင်နားစာများ မစားပါနှင့်။
* အစားအစာများကို မကိုင်တွယ်မီ လက်ကို ရေနှင့်ဆပ်ပြာသုံး၍ စင်ကြယ်အောင် ဆေးကြောပါ။
* အစားအစာများထည့်သည့် အိုး၊ ခွက်၊ ပန်းကန်များကို သန့်ရှင်းသည့်ရေနှင့် ဆပ်ပြာသုံး၍ စင်ကြယ်အောင်ဆေးကြောပါ။
* ယင်လုံအိမ်သာ အသုံးပြုပါ။
* အိမ်သာမှဆင်းတိုင်းနှင့် မစင်၊ အံဖတ်စသည်တို့ကို ထိတွေ့ကိုင်တွယ်ပြီးတိုင်း လက်ကိုရေနှင့်ဆပ်ပြာသုံး၍ စင်ကြယ်အောင် ဆေးကြောပါ။

၅။ အကယ်၍ ဝမ်းလျှောဝမ်းပျက်ရောဂါဖြစ်ပွားပါက ဓာတ်ဆားရည်ကို အညွှန်းအတိုင်းတိကျစွာဖျော်၍သောက်ပြီး နီးရာဆေးရုံ၊ ဆေးခန်းတွင် ဆောလျင်စွာ ပြသကုသမှုခံယူပါ။ မိမိမှတစ်ဆင့် အခြားသူများသို့ ရောဂါမကူးစက်ရန် သတိပြုကာကွယ်ပါ။ **ကျန်းမာရေးဝန်ကြီးဌာန**

သင်္ကြန်ကာလ

သင်္ကြန်ဟူသော စကားသည် သင်္ကြာန္တ (သံကရာန္တ)ဟူသော သက္ကတဘာသာ ဝေါဟာရကို မြန်မာမှုပြုထားသော စကားဖြစ်သည်။ ပြောင်းရွှေ့ခြင်းဟု အဓိပ္ပာယ်ရ၏။ ပါဠိဝေါဟာရမှာ သင်္ကန္တဖြစ်၏။ ထို့ကြောင့် ရွှေ့ပြောင်းခြင်း သင်္ကြန်သည် နှစ်သင်္ကြန်၊ လသင်္ကြန်၊ ရက်သင်္ကြန်၊ နေ့သင်္ကြန်၊ ညဥ့်သင်္ကြန်၊ နာရီသင်္ကြန်၊ မိနစ်သင်္ကြန်၊ စက္ကန့်သင်္ကြန်၊ ရုပ်သင်္ကြန်၊ နာမ်သင်္ကြန်ဟူ၍ များစွာရှိ၏။ ထိုသင်္ကြန်တို့တွင် နှစ်သင်္ကြန် ဆိုသည်မှာ တစ်နှစ်မှတစ်နှစ်သို့၊ တစ်နည်း နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းခြင်းဖြစ်သည်။ လသင်္ကြန်ဆိုသည်မှာ တစ်လမှတစ်လသို့၊ တစ်နည်း လဟောင်းမှ လသစ်သို့ ကူးပြောင်းခြင်းဖြစ်၏။ တစ်ရက်မှ တစ်ရက်သို့ ကူးပြောင်းခြင်း၊ ညဥ့်မှနေ့သို့ ကူးပြောင်းခြင်း၊ နေ့မှညဥ့်သို့ ကူးပြောင်းခြင်း စသည်တို့ကိုလည်းသိအပ်၏။

ထိုသင်္ကြန်အမျိုးမျိုးတို့တွင် ရုပ်ဟောင်းပျက်၍ ရုပ်သစ်သို့ ကူးပြောင်းသည့် ရုပ်သင်္ကြန်သည် "ပန်းရိုးရှည်ခက်၊ ရုပ်ပေါင်းပျက်၊ ကျော်တက်ကုဋေပေါင်း"ဆိုသည်နှင့်အညီ လက်ဖျစ်တစ်တွက်၊ မျက်စိတစ်မှိတ် အချိန်ကာလအတွင်းမှာ ကုဋေပေါင်း ၅၈၈၂ ကုဋေကျော် ကူးပြောင်းလျက်ရှိသည်။ နာမ်သင်္ကြန်သည် ထိုရုပ်သင်္ကြန်ထက် ပို၍ လျင်မြန်၏။ မျက်စိတစ်မှိတ်၊ လက်ဖျစ်တစ်တွက် ကာလအတွင်းမှာ ကုဋေပေါင်း တစ်သိန်းကျော် ကူးပြောင်းလျက်ရှိ၏။ နာမ်သင်္ကြန် ၁၇ကြိမ်ကျပြီးမှ ရုပ်သင်္ကြန် တစ်ကြိမ်ကျသည်။ ရုပ်သင်္ကြန် အကြိမ်များစွာ ကျပြီးမှ စက္ကန့်သင်္ကြန် တစ်ကြိမ်ကျသည်။ စက္ကန့်သင်္ကြန် အကြိမ် ၆၀ ကျပြီးမှ မိနစ်သင်္ကြန် တစ်ကြိမ်ကျသည်။ မိနစ်သင်္ကြန် အကြိမ် ၆၀ ကျပြီးမှ နာရီသင်္ကြန် တစ်ကြိမ်ကျသည်။ ဤသို့ စသည်ဖြင့် သိအပ်၏။

မြန်မာသက္ကရာဇ်

ယခု နှစ်ကျင်းပမည့် သင်္ကြန်ပွဲသည် သက္ကရာဇ် ၁၃၆၈ခုနှစ်မှ သက္ကရာဇ် ၁၃၆၉ ခုနှစ်သို့ ကူးပြောင်းသော နှစ်သင်္ကြန်ဖြစ်သည်။ ထိုနှစ်သင်္ကြန်သည် လွန်ခဲ့သော နှစ်လကျော်က ၂၀၀၆ခုနှစ်မှ ၂၀၀၇ခုနှစ်သို့ ကူးပြောင်းသော နှစ်သင်္ကြန် တစ်ခုကျခဲ့ပြီး ဖြစ်၏။ သူတို့၏ ထိုသင်္ကြန်သက္ကရာဇ်ကို မည်သို့မျှ မပြောလိုသော်လည်း ထေရဝါဒဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ ယခု သက္ကရာဇ် ၁၃၆၈ခုနှစ်မှ သက္ကရာဇ် ၁၃၆၉ခုနှစ်သို့ ကူးပြောင်းသော သင်္ကြန်သက္ကရာဇ်သည် ကမ္ဘာကြီးပေါင်း အသင်္ချေအနန္တ ကုန်လွန်၍ ကြာချင်တိုင်းကြာသော်လည်း တစ်ကြိမ်တစ်ခါ တွေ့ရ ကြုံရဖို့ ခဲယဥ်းလှသည့် သာသနာတော်နှင့် ဆက်စပ်လျက်ရှိကြောင်းကိုကား ပြောလိုပါသည်။

ရှင်ဦးအံ့၊ မဟာသက္ကရာဇ် ၁၀၃ခုနှစ် ကဆုန်လပြည့်နေ့၌ ဗုဒ္ဓဂေါတမ ပွင့်တော်မူသည်။ မဟာသက္ကရာဇ် ၁၄၈ခုနှစ် ကဆုန်လပြည့်နေ့တွင် ပရိနိဗ္ဗာန်စံလွန်တော်မူခဲ့၏။ ထို၁၄၈ခုနှစ်တွင် ၁၄၇ကို ဖြို၍ တစ်-ခုကြွင်း ပြုကာ ရေတွက်ခဲ့သော သက္ကရာဇ်ကို သာသနာသက္ကရာဇ်ဟုခေါ်၏။ မြန်မာတို့၏ ယခုရောက်ဆဲသက္ကရာဇ်သည် ထိုသာသနာသက္ကရာဇ်ပင်ဖြစ်၏။ ချဲ့ဦးအံ့၊ အဇာတသတ်မင်းသည် အရှင်မဟာကဿပနှင့်တိုင်ပင်၍ ထိုဗုဒ္ဓဂေါတမ ပရိနိဗ္ဗာန်စံတော်မူသည့်သက္ကရာဇ် ၁၄၈ခုတွင် ၁၄၇ခုကို ဖြို၍ တစ်-ခုကြွင်းပြုကာ သာသနာသက္ကရာဇ်ကို စတင်စေခဲ့လေသည်။ မြန်မာတို့သည် ထိုသာသနာသက္ကရာဇ်ကိုပင် မိမိတို့၏ သက္ကရာဇ်အဖြစ် လက်ခံအသုံးပြုလာခဲ့ကြရာ ၆၂၄ခုနှစ်သို့ ရောက်သောအခါ သရေခေတ္တရာပြည် သုမုန္ဒြီမင်းက "ဒေါဒေါရသ"ကိန်းအရ ၆၂၂ ကို ဖြို၍ နှစ်-ခုကြွင်းထားခဲ့၏။ ထို နှစ်-ခုနှစ်မှ စတင်တိုးပွားလာခဲ့ရာ ၅၆၂ခုနှစ်သို့ အရောက်တွင်ပုပ္ပားစော ရဟန်းမင်းက "ခဆပဥ္စ" ကိန်းအရ ၅၆၀ကို ဖြို၍ နှစ်-ခုကြွင်းထားခဲ့ပြန်၏။ ထိုသက္ကရာဇ် နှစ်-ခုနှစ်မှ စတင်တိုးပွားလာခဲ့သော သက္ကရာဇ်သည် ယခု မြန်မာတို့အသုံးပြုနေကြသော သက္ကရာဇ်ပင် ဖြစ်၏။ အကယ်၍ ထိုစကားကို သံသယပွားနေပါလျှင် ယခုရောက်ဆဲ မြန်မာသက္ကရာဇ် ၁၃၆၈ခုနှစ်တွင် ဖြိုထားသော ဒေါဒေါရသ= ၆၂၂နှင့် ခဆပဥ္စ=၅၆၀ကို ပေါင်းကြည့်ပါက "၂၅၅၀"ဟူသော ယခုရောက်ဆဲ သာသနာသက္ကရာဇ်ကို တွေ့ရမည်ဖြစ်၏။ ထို့ကြောင့် မြန်မာတို့သည် သာသနာသက္ကရာဇ်ကိုပင် မိမိတို့၏သက္ကရာဇ် အဖြစ် သုံးစွဲခဲ့သည့်အဖြစ် ကို သံသယကင်းစွာ မှတ်သားအပ်၏။ ဤသို့လျှင် မြန်မာတို့၏ သက္ကရာဇ် နှစ်ဟောင်းမှ သက္ကရာဇ် နှစ်သစ်သို့ ကူးပြောင်းသော နှစ်သင်္ကြန်သည် သာသနာတော်နှင့် ဆက်စပ်လျက်ရှိနေ၏။

ဤ"မြန်မာတို့က သာသနာသက္ကရာဇ်ကို မြန်မာသက္ကရာဇ်အဖြစ် အသုံးပြုခဲ့သည်" ဟူသော စကားသည် "မြန်မာအစ တကောင်းက" ဟူသော သမိုင်းဆိုင်ရာစကား၏ အထောက်အထားတစ်ရပ်လည်း ဖြစ်နေပေသည်။

ကထိက ရဟန်း

သင်္ကြန်တွင်းကာလ

ယခင်က သင်္ကြန်တွင်းကာလသည် အကြိုရက်မှ နှစ်ဆန်း တစ်ရက်နေ့အထိ ငါးရက်ဖြစ်၏။ ယခုနိုင်ငံတော်က သင်္ကြန်အကြို မတိုင်မီ တစ်ရက်မှစ၍ ၁၀ ရက်တိတိကို နှစ်သစ်ကူးရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးထား၏။ ထိုသင်္ကြန်ကာလ အတွင်း သင်တို့ ဘာလုပ်ကြမည်နည်း၊ ဤမေးခွန်းသည် လာမည့်နှစ်သစ်အတွက် အလွန်အရေးပါသော မေးခွန်းဖြစ်၏။ အပျော်ကြူး၍ မြူးကြ၊ မူးကြမည်လော၊ ဘုရားဖူးရင်း လိပ်ဥတူးကြမည်လော၊ နှစ်သစ်ကို ကုသိုလ်လုပ်ငန်းများဖြင့် ကြိုဆိုကြမည်လော၊ လာမည့်နှစ်သစ်၌ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာမှန်သမျှ ကောင်းမွန်တိုးတက်လိုကြပါသည်ဟု ဆိုလျှင် ဘုရားသွား၊ ကျောင်းတက် ပြုလုပ်ကြကာ ဥပုသ်သီတင်း ဆောက်တည်ခြင်း၊ တရားဓမ္မနာယူအားထုတ်ခြင်း၊ ဘုရားဖူးခြင်း စသည်ဖြင့် ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ကြကာ နှစ်သစ်ကို ကြိုဆိုသင့်ကြ၏။ ဘာကြောင့်နည်း၊ ထိုအလိုရှိအပ်၊ တောင့်တအပ်၊ မြတ်နိုးအပ်သော ကျန်းမာခြင်း၊ အသက်ရှည်ခြင်း၊ စီးပွားတိုးတက်ခြင်း၊ ရာထူးတည်မြဲ တိုးတက်ခြင်းစသော လူမှုရေးအဆင်ပြေမှုတို့ကို ဥပုသ်သီတင်း ဆောက်တည်ခြင်းစသော ကုသိုလ်ကောင်းမှုတို့ကသာဖြစ်စေနိုင်၊ ပေးစွမ်းနိုင်သောကြောင့် ဖြစ်သည်။

မှန်၏၊ ကောင်းကျိုးချမ်းသာ မှန်သမျှတို့ကို ကုသိုလ်ခေါ်သော ကောင်းသော အမှုအလုပ်တို့ကသာ ဖြစ်စေနိုင်၊ ပေးနိုင်ကြ၏။ အကုသိုလ်ခေါ် မကောင်းသော အမှုအလုပ်တို့က မဖြစ်စေနိုင်၊ မပေးနိုင်ကြပေ။ လူ့ဘဝ၌ ရရှိခံစားကြရသည့် ချမ်းသာမှန်သမျှကို ကုသိုလ်ကသာ ဖြစ်စေနိုင်၊ ပေးနိုင်ကြ၏။ ထို့အတူ နတ်ချမ်းသာ အဆင့်ဆင့်ကိုလည်း ကုသိုလ်ကပေး၏။ ဗြဟ္မာချမ်းသာအဆင့်ဆင့်ကိုလည်း ကုသိုလ်ကပေး၏။ နိဗ္ဗာန်ချမ်းသာကိုလည်း ကုသိုလ်ကပေး၏။ ကုသိုလ်ခေါ်ကောင်းသော အမှုအလုပ်တို့ကို မပြုမလုပ်ဘဲ ထိုချမ်းသာတို့ကို မရနိုင်ပေ။ ကုသိုလ်မှလွဲ၍ ထိုဆိုခဲ့ပြီးသော လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ၊ နိဗ္ဗာန်ချမ်းသာတို့ကို မည်သူကမျှ ပြုလုပ်မပေးနိုင်ပေ။ ကုသိုလ်မပြုမလုပ်ဘဲ ရရှိသော ချမ်းသာဟူ၍ မရှိနိုင်ပေ။

* **ချမ်းသာမှန်သမျှ၊ ကုသိုလ်က၊ မုချပေးလေသည်။**
ကုသိုလ်ရှောင်ကွင်း၊ ချမ်းသာခြင်း၊ အလျှင်းမရှိပြီ။

အကုသိုလ်အမှုများ

ထိုသို့မဟုတ်ဘဲ မြူးကြ၊ မူးကြမည်ဆိုပါက အသက်တိုခြင်း၊ ထိခိုက်နာကျင်ခြင်း၊ စီးပွားဆုတ်ယုတ်ခြင်း၊ ရာထူးကျခြင်း၊ ဘုန်းတန်ခိုးအရှိန်အဝါ နည်းပါးကျဆင်းခြင်း၊ သေသည်၏ အခြားမဲ့၌ အပါယ်လေးပါးသို့ လားရောက်ရခြင်းစသော ဆိုးကျိုးတို့ကိုသာ ရရှိခံစားကြရပေလိမ့်မည်။ ဘာကြောင့်နည်း၊ ထိုမြူးကြ၊ မူးကြသော အမှုတို့သည် အကုသိုလ်အမှု၊ မကောင်းသော ဒုစရိုက်အမှုများသာ ဖြစ်သောကြောင့်တည်း။ ၁၃၆၈ခုနှစ် ဦးတန်ခူးလပြည့်ကျော် ၇ရက်(၂၀၀၆ခုနှစ် ဧပြီ ၁၉ရက်) ထုတ် မြန်မာ့အလင်းသတင်းစာ၌-

"ထိုင်းနိုင်ငံ ဆွန်ကရန် ရေသဘင်ပွဲတော်၌ လူပေါင်း ၄၇၆ ဦး သေဆုံးပြီး ၅၉၈၅ဦး ဒဏ်ရာရရှိကာ ယာဉ်မတော်တဆဖြစ်မှု ၅၃၂၇ မှုရှိကြောင်း"

ဖော်ပြထားသည်ကို ဖတ်လိုက်ရ၏။

ထိုသင်္ကြန်ပွဲ၌ ထိခိုက်သေကျေပါက သူတို့၏ အနာဂတ်ဘဝသည် အပါယ်လေးဘုံမှလွဲပြီး အခြားသုဂတိဘုံဌာနတို့၌ ဖြစ်နိုင်ခွင့် မမြင်ပေ။ ဘာကြောင့်နည်း၊ အကုသိုလ်ကြောင့်ရရှိသည့် ပဋိသန္ဓေကျိုးသည် အပါယ်ပဋိသန္ဓေကျိုးသာဖြစ်၍ ပဝတ္တိကျိုးမှာလည်း ဆင်းရဲကျိုးတို့သာ ဖြစ်သောကြောင့်တည်း။

* **ဆင်းရဲမှန်သမျှ၊ အကုသလ၊ သူကပေးလေသည်။**
အကုရှောင်ကွင်း၊ ဆင်းရဲခြင်း၊ အလျှင်းမရှိပြီ။

ထို့ပြင် ဘုရားဖူးအမည်ခံကာ ဘုရားကျောင်းကန်များသို့ သွားရောက်ပြီး ကာမဂုဏ်ကိစ္စပြုလုပ်ကြမည်။ ဖဲရိုက်၊ အရက်သောက်စသည့် ဘုရားဖူးရင်း လိပ်ဥတူးသည့် အလုပ်များ လုပ်ကြမည် ဆိုပါကလည်း ဗုဒ္ဓအဂါရဝ၊ ဓမ္မအဂါရဝ၊ သံဃအဂါရဝ အကုသိုလ်အမှုများ ဖြစ်၍ အခြားမြို့တွင်း၊ ရွာတွင်းတို့မှာ အပျော်ကြူးကာ၊ မူးကြ၊ ရူးကြခြင်းထက် အဆပေါင်းများစွာ ပို၍အပြစ်ကြီးသည်။ လက်ငင်းဘဝ ချစ်သူနှင့်ကွဲရခြင်း၊ အိမ်ထောင်ပြိုကွဲခြင်း၊ အဖမ်းအဆီးအချုပ်အနှောင်ခံရခြင်းစသော လက်ငင်း ဆိုးကျိုးများအပြင် သေသည်၏ အခြားမဲ့၌ အပါယ်ဆင်းရဲကြီးများနှင့် ကြုံကြရမည်မှာ ဧကန်ဖြစ်၏။

* **ဘုရားခြေရင်း၊ ကျောင်းတလင်း၊ ပေါင်းသင်းမေထုန် မပြုရာ။**
မရှောင်ပေါင်းသင်း၊ ချစ်သူကင်း၊ ပျက်ယွင်း အိမ်ထောင်ကွဲတတ်သည်။
ဖက်တွဲလမ်းသွား၊ ချစ်စကား၊ ရှောင်ရှားမပြောရ။
မရှောင်ပြောကြား၊ ထိုစကား၊ မုသားကျိန်စာဖြစ်တတ်သည်။
ဘုရားကျောင်းမြေ၊ လူအနေ၊ ရိုသေကင်းသူမှာ
သံပူအိုးကင်း၊ ပုံမယွင်း၊ ပူပြင်းကြောက်စရာ။

ယခုနှစ် သင်္ကြန်ကာလ၌ ဆိုခဲ့ပြီးသော အကုသိုလ်အမှုများကို ရှောင်ကြဉ်ကြပြီး ကောင်းမြတ်သော ဒါန၊ သီလ၊ ဘာဝနာအမှုတို့ကို ပြုလုပ်ကြကာ ၁၃၆၉ ခုနှစ် နှစ်သစ်ကို ကြိုဆိုကြရာ၏။ လူငယ်တို့ဘဝ ရေပက်ကစားခြင်းစသည်ပြုလုပ် ပျော်ရွှင်ကြမည်ဆိုပါကလည်း ယဉ်ကျေးသော ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ အမူအကျင့်၊ အလေ့အထတို့ကို မပျက်စီးကြစေဘဲ ပျော်ရွှင်ကြည်နူးမှုအပြည့်အဝဖြင့် နှစ်သစ်ကို ကြိုဆိုနိုင်ကြပါစေ-----။ ။

နွေရာသီ မျိုးဆက်သစ်လူငယ် အခြေခံဟော်ကီအားကစား သင်တန်းဆင်း အပြည်ပြည်ဆိုင်ရာ ဟော်ကီအားကစားနည်း လက်ရည်စစ်ပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် ဧပြီ ၈

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၏ ၂၀၀၇ခုနှစ် နွေရာသီအားကစား လှုပ်ရှားမှုအစီအစဉ်အရ နွေရာသီ မျိုးဆက်သစ်လူငယ် အခြေခံ ဟော်ကီအားကစားသင်တန်းဆင်းပွဲနှင့် အပြည်ပြည်ဆိုင်ရာ ဟော်ကီ အားကစားနည်း နည်းစနစ်များ လက်တွေ့ ကျွမ်းကျင်မှု လက်ရည်စစ်ဟော်ကီပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဧပြီ ၆ ရက်က ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ဟော်ကီအားကစားကွင်း၌ကျင်းပသည်။

လက်ရည်စစ်

ရှေးဦးစွာ ၂၀၀၇ ခုနှစ် နွေရာသီ မျိုးဆက်သစ်လူငယ် အခြေခံ ဟော်ကီ အားကစားသင်တန်းဆင်းပွဲ အခမ်းအနားအပြီးတွင် အပြည်ပြည်ဆိုင်ရာ ဟော်ကီ အားကစားနည်း နည်းစနစ်များ လက်တွေ့ကျွမ်းကျင်မှု လက်ရည်စစ်ဟော်ကီပြိုင်ပွဲကိုကျင်းပပြီး ဆုချီးမြှင့်ပွဲကို ကျင်းပရာ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်က ပထမရရှိသွားသော ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းအသင်းအားလည်းကောင်း **(အောက်ပုံ)**၊ အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လတ်က ဒုတိယရရှိသွားသော လှည်းကူးမြို့နယ် အခြေခံပညာ

အထက်တန်းကျောင်း အသင်းအားလည်းကောင်း၊ အမျိုးသမီးဟော်ကီအားကစား ဆပ်ကော်မတီ ဥက္ကဋ္ဌ ဒေါ်ဆွေဇင်ထိုက်က တတိယရရှိသွားသော အင်းတိုင်အခြေခံပညာအထက်တန်းကျောင်းအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

သင်ကြားမည်

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ မြန်မာ့လက်ရွေးစင်ဟော်ကီအားကစားအသင်းတွင် အခြေခံနိုင်မည့် မျိုးဆက်သစ်လူငယ် ဟော်ကီအားကစားသမားများ မွေးထုတ်ရန်အတွက် ရည်ရွယ်၍ ၂၀၀၇ခုနှစ် နွေရာသီ အဆင့်မြင့်တန်း ဟော်ကီအားကစားနည်းသင်တန်းကို မကြာမီရက်အတွင်း ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ရာ COBRA ဟော်ကီကလပ်၊ MMM ဟော်ကီကလပ်၊မီလမ်နီး(MILANO) ဟော်ကီကလပ်၊ JUST FISHON ဟော်ကီကလပ်၊ ပေလီဟော်ကီကလပ်၊ ယမုံနာ ဟော်ကီကလပ်နှင့် တုန်းတာ ဟော်ကီကလပ်တို့မှ အသက် ၁၅ နှစ်အောက်နှင့် အသက် ၁၇ နှစ်အောက် မျိုးဆက်သစ်လူငယ်ဟော်ကီ အားကစားသမားများကို မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်က စုစည်းပြီး လေ့ကျင့်ပေးကာ ကျွမ်းကျင်မှုရရှိပြီး ထူးချွန်သော ဟော်ကီအားကစားသမားကို ပြည်တွင်းပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်စေမည်ဖြစ်သည်။

တက်ရောက်မည်

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်က ကြိုးပမ်းမှုအရ အပြည်ပြည်ဆိုင်ရာ ဟော်ကီအဖွဲ့ချုပ်၏ ကူညီ ထောက်ပံ့မှု အစီအစဉ်ဖြင့် အပြည်ပြည်ဆိုင်ရာ အဆင့်(၁) ဟော်ကီအားကစားနည်းပြဆရာ Mr. K.M. Awaise သည် ရန်ကုန်မြို့သို့ လာရောက်ပြီး အခြေခံ ဟော်ကီအားကစားနည်း နည်းပြသင်တန်း တစ်ရပ်ကို မေ ၁၀ ရက်မှ ၂၀ ရက်အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ရာ တိုင်း၊ တပ်မ ဟော်ကီအားကစား အသင်းများနှင့် ကျောင်းများမှ ဆရာ ဆရာမများ တက်ရောက်ကြမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မူးယစ်ကင်းစင် အလှဆင်

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီစည်းဝေး တိုင်းမှူးပိုလ်မှူးချုပ်ဝေလွင် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဧပြီ ၈

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ (၁၀/၂၀၀၇)အစည်းအဝေးကို ဧပြီ၆ ရက် ညနေ ၄နာရီက နေပြည်တော် တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားသို့ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ဝေလွင်၊ နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပျဉ်းမနားခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဇော်နှင့် ကော်မတီဝင်များ၊ ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းမြို့နယ်ဥက္ကဋ္ဌများနှင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဝင်များ၊ နေပြည်တော်တွင် ပြေးဆွဲနေသော ယာဉ်လိုင်း အသီးသီးတို့မှ တာဝန်ခံများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက ယခင်အစည်းအဝေးမှတ်တမ်းကို ဖတ်ကြားတင်ပြ၍ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ဆပ်ကော်မတီများ၊ မြို့နယ်ဥက္ကဋ္ဌများ၊ ယာဉ်လိုင်းတာဝန်ခံများနှင့် တက်ရောက်လာသူများက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးကနိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ယာဉ်စီးသတ်မှတ်နှုန်းများအတိုင်း ကောက်ခံရေး၊ ယာဉ်လိုင်းအသီးသီးပါ ယာဉ်စီးခ တောင်းခံမှုနှင့် မော်တော်ယာဉ်ပြေးဆွဲမှု၊ ဝန်ဆောင်မှုနှင့် ယာဉ်ရပ်နားမှု စည်းကမ်း အခြေအနေများကို အောက်ခြေအထိ ကွင်းဆင်း၍ လေ့လာစိစစ်ရေးကို မှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘွဲ့တံဆိပ်တော်ရဆရာတော်အား ချီးကျူးပူဇော်မည်

ရန်ကုန် ဧပြီ ၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ခြင်းခံရသော ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကျောက်ရေတွင်းတောင်ပိုင်း အမှတ်(၅)ရပ်ကွက် (သဗ္ဗညုပုထိုးတော်ကြီး အနောက်ဘက်) ဇောတိကာရုံ ပရိယတ္တိ စာသင်တိုက် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တ သုတာလင်္ကာရအား ဆရာတော်၏ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့ကလည်း ထပ်ဆင့်ချီးကျူး ဂုဏ်ပြုပူဇော်ပွဲကို ၁၃၆၉ခုနှစ် ကဆုန်လဆန်း ၁၃ရက် (ဧပြီ၂၈ရက်) မွန်းလွဲ၁နာရီတွင် အဆိုပါစာသင်တိုက် ဝိသုံဂါမသိမ်ကျောင်းတော်ကြီး၌ကျင်းပမည်ဖြစ်သည်။ လှူဒါန်းပူဇော်လိုသူများပူဇော်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကိုး ဖုန်း-၀၉-၅၁၇ ၂၄၃၉၊ အတွင်းရေးမှူး ဦးတင်သန်း ဖုန်း-၀၉-၅၁-၂၂၁၆၃နှင့်ဘဏ္ဍာရေးမှူး ဦးခင်စိုး ဖုန်း-၆၆၆၃၇၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၈

၂၀၀၇ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း စစ်တုရင်ပြိုင်ပွဲ၊ ဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီက ရေတပ်လေ့ကျင့်ရေးဌာနချုပ်၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရောဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ပါဝင်ယှဉ်ပြိုင်

အခမ်းအနားသို့ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်တို့ရှိ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။ ပြိုင်ပွဲတွင် အသင်း ၁၃သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး အသင်းလိုက် တံခွန်စိုက်ဒိုင်းဆုကို ရေတပ်လေ့ကျင့်ရေးဌာနချုပ်အသင်းက ရရှိသွားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်းဆုရ ရေတပ်လေ့ကျင့်ရေးဌာနချုပ်အသင်းအား ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရောဝတီ ရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်က ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရသာမှန် Yum Yum ခေါက်ဆွဲ (၁၀)နှစ်ပြည့် အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကျင်းပ

ရန်ကုန် ဧပြီ ၈

Yum Yum ခေါက်ဆွဲ၏ (၁၀)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုညစာ စားပွဲကို ဧပြီ ၂ရက်က ရန်ကုန်မြို့ Traders Hotel ရှိ Myanmar Ballroom ၌ ကျင်းပသည်။

ညစာစားပွဲတွင် ရသာချိုစက်မှုလုပ်ငန်းလီမိတက်ဥက္ကဋ္ဌဦးလင်းက အဖွင့်အမှာစကား ပြောကြားပြီး **(အောက်ပုံ)** မန်နေဂျင်းဒါရိုက်တာ ဦးဝေဖြိုးက Yum Yum ခေါက်ဆွဲ၏ ၁၀ နှစ်အောင်မြင်စွာ ဆောင်ရွက်ခဲ့သော သမိုင်းအကျဉ်းချုပ်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကုမ္ပဏီနှင့်အတူ ၁၀နှစ်တိုင်တိုင် လက်တွဲပြီး ရောင်းချပေးသော ကိုယ်စားလှယ်များအား ရွှေတံဆိပ်ဆုနှင့်ငါးနှစ်အထက် လက်တွဲပြီး ရောင်းချပေးသော ကိုယ်စားလှယ်များအား ငွေတံဆိပ်ဆုများ ချီးမြှင့်ပေးအပ်ပြီး ကြွရောက်လာသော ဧည့်ပရိသတ်များအား အမှတ်တရ ရွှေတံဆိပ်ဆုများ ကံစမ်းမဲ ဖောက်ပေးသည်။

ထောက်ခံထား

Yum Yum ခေါက်ဆွဲကို ရသာချိုစက်မှုလုပ်ငန်းလီမိတက်က ၁၉၉၇ခုနှစ် ဧပြီ ၂ ရက်တွင် စတင် ထုတ်လုပ်ခဲ့ပြီး ISO 9001:2000 လက်မှတ်နှင့် အစားအသောက် ဘေးအန္တရာယ် ကင်းရှင်းကြောင်း ထောက်ခံထားသော HACCP လက်မှတ်များကို ၂၀၀၄ခုနှစ် ဒီဇင်ဘာမှစ၍ ရရှိခဲ့သည်။

ရောင်းချ

ထို့အပြင် လူမျိုး ဘာသာမရွေး စားသောက်နိုင်ကြောင်း Halal တံဆိပ်အား ရရှိထားသော ကုမ္ပဏီဖြစ်ပြီး ယခုအခါ အရသာ ကိုးမျိုးအဖြစ် ကြက်ပေါင်၊ ပုစွန်ချဉ်စပ်၊ ဘဲသားဆီချက်၊ ကြက်သားဆီချက်၊ သက်သတ်လွတ်၊ ကြက်သားချဉ်စပ်၊ ပုစွန်မလိုင်ချဉ်စပ်၊ အုန်းနို့ခေါက်ဆွဲ၊ မဆလာခေါက်ဆွဲတို့အပြင် အသုံးပြုရလွယ်ပြီး သယ်ဆောင်ရလွယ်သော ခေါက်ဆွဲဘူးနှစ်မျိုးကို ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ကိုးရက် အဓိဋ္ဌာန် တရားစခန်းပွဲအကြို ဓမ္မပူဇာသဘင်ပွဲ ကျင်းပမည်

ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း မင်္ဂလာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်၌ အောင်လံသဲအင်းဂူတိုက်ခွဲ အမှတ် ၃၂ သောတာပတ္တိမဂ် ရှုဖွယ်ကျမ်းပြုဆရာတော် အရှင်စန္ဒိမာ (အောင်လံဆရာတော်)က ခန္ဓာဉာဏ်ရောက်ပြသပေးမည့် အထူးအဓိဋ္ဌာန် တရားစခန်းပွဲအကြိုအဖြစ် ဓမ္မပူဇာတရားပွဲကို ဧပြီ ၂၃ရက် (တနင်္လာနေ့)တွင် တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်)ကလည်းကောင်း၊ ဧပြီ ၂၄ရက် (အင်္ဂါနေ့)နှင့် ဧပြီ ၂၅ရက် (ဗုဒ္ဓဟူးနေ့) တွင် အောင်လံဆရာတော် အရှင်စန္ဒိမာ ဆရာတော်ကလည်းကောင်း ညစဉ် ၇နာရီတွင် သုံးညတိုင်တိုင် တရားပွဲများ ဟောကြားမည်ဖြစ်သည်။ (က-ပ)

မြန်မာ့အလင်း

ပြည်တွင်းသတင်း အတိုအထွာ

ပျော်ဘွယ် အရှင်ဝိသုဒ္ဓရံသီ၏ ကုန်းတလပေါင်ဓမ္မသဘင်

မြောက်ဥက္ကလာပမြို့နယ် မယ်လမုဘုရားအနီး ဓမ္မသိင်္ဂီ ပျော်ဘွယ် ပရိယတ္တိစာသင်တိုက်နှင့် မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင် ဓမ္မသိင်္ဂီပျော်ဘွယ် ပဋိပတ္တိ သာသနာ့ရိပ်သာတို့၏ ပဓာနနာယက ဂန္ထဝါစကပဏ္ဍိတသဒ္ဓမ္မဇောတိကဓဇ ကမ္မဋ္ဌာနာစရိယ ပြည်တွင်း ပြည်ပ သာသနာပြုဓမ္မကထိက ပျော်ဘွယ် အရှင်ဝိသုဒ္ဓရံသီသည် ဧပြီ ၁၂ရက် ည၇နာရီတွင် မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင် စံပြကျေးရွာ ရပ်ကွက်ရုံးရှေ့ ဓမ္မသဘင်၌ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရွာသူရွာသား လူငယ်များအဖွဲ့၏ ပထမအကြိမ် သင်္ကြန်အကြို အထူးတရားပွဲတွင် နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မူကြိုအရွယ်ကလေးငယ်များ ကာယ၊ ဉာဏစွမ်းရည်ပြိုင်၊ ဆုချီးမြှင့်

တနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ မူကြိုအရွယ် ကလေးငယ်များ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို မတ်၂၄ရက် နံနက်၉နာရီက မြိတ်မြို့ပုလဲရတနာခန်းမ၌ ကျင်းပရာတနင်္သာရီတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်ခင်သန်းဌေးက အမှာစကားပြောကြားပြီး မူကြိုကလေးငယ်များက အဖွဲ့နှစ်ဖွဲ့ခွဲ၍ ပါဝင်ယှဉ်ပြိုင်ကြသည်။ ထို့နောက်ဆုရရှိသူများအားတနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်ခင်သန်းဌေးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။ (အမျိုးသမီးရေးရာ)

အရန်သားဖွား သင်တန်းဆင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး ဖွင့်လှစ်သော အရန်သားဖွားသင်တန်းဆင်းပွဲအခမ်းအနားကို မတ်၄ရက် နံနက်၁၀နာရီက မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးစံရွှေအောင်နှင့် မြို့နယ်ဆရာဝန်ဒေါက်တာသောင်းဒန်ဦးတို့က အမှာစကားပြောကြားကြပြီး သင်တန်းဆင်းလက်မှတ်များကို တာဝန်ရှိသူတို့က ပေးအပ်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနား ဒေါပုံတွင်ကျင်းပ

၂၀၀၇ ခုနှစ် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဒေါပုံမြို့နယ် ယမုံနာ(၂) ရပ်ကွက်တွင် မတ်၃၀ရက်က ကျင်းပရာ မြို့နယ်ကျန်းမာရေး ဦးစီးဌာန ဦးစီးမှူး ဒေါက်တာဆွေဆွေဝင်းက တီဘီရောဂါ အကြောင်း အသိပညာပေးဟောပြောပြီး မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မာလာလွင်နှင့် အဖွဲ့ဝင်များက တီဘီရောဂါလူနာများအား အာဟာရ ထောက်ပံ့ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မင်းဘူးမြို့၌ ယင်းမာနှင့်ပိတောက်လမ်းဖွင့်

မင်းဘူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် အမှတ်(၃)ရပ်ကွက် ယင်းမာလမ်းနှင့် ပိတောက်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၅ရက်က အဆိုပါလမ်းမုခ်ဦး၌ ကျင်းပရာ မကွေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်၊ မင်းဘူးခရိုင်ဥက္ကဋ္ဌ ဦးမြင့်သူရနှင့် လမ်းအကျိုးတော်ဆောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ် စည်ပင်)**

မောက်မယ်မြို့၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်

မောက်မယ်မြို့နယ် ရပ်ကွက်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်ပွဲများကိုရပ်ကွက်များအလိုက်ကျင်းပရာ မတ်၇ရက် နံနက်၉နာရီက မွေတော်ရပ်ကွက် ပညာအလင်းစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကိုလည်းကောင်း၊ မတ် ၈ရက် နံနက် ၉နာရီက ကုန်းလမ်းရပ်ကွက်(မြောက်) ပဒေသာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကိုလည်းကောင်း၊ နံနက် ၁၀နာရီက ကုန်းလမ်းရပ်ကွက်(တောင်) အလင်းရောင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကိုလည်းကောင်း၊ မတ် ၉ရက် နံနက် ၉နာရီက ဆီဆုံရပ်ကွက် အားမာန် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကိုလည်းကောင်း သက်ဆိုင်ရာ စာကြည့်တိုက်များ၌ အသီးသီး ကျင်းပခဲ့သည်။ (မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး စာကြည့်တိုက်သို့ စာအုပ်များနှင့်ငွေပဒေသာပင်စိုက်ထူလှူဒါန်း

ရန်ကုန် ဧပြီ ၈

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက ရန်ကုန်တိုင်း ထန်းတပင်မြို့နယ်ရှိ ရှမ်းစုကျေးရွာသုတဒီပက စာကြည့်တိုက်သို့ စာအုပ်များနှင့်ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို ဧပြီ ၇ ရက် နံနက်၉နာရီက အဆိုပါကျေးရွာရှိ မိုးကောင်းရန်အောင် ဘုရားပရဝဏ်၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဒုတိယဌာနကြီးမှူးနှင့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း ခရိုင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာ ဌာနကြီး ဌာနကြီးမှူးကိုယ်စား ဒုတိယဌာနကြီးမှူး ဒေါ်မြမြက စာအုပ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းနှင့် အဖွဲ့ဝင်များက လှူဒါန်းသော ငွေကျပ် ၃၀၀၀၀နှင့် ငွေကျပ်၈၆၅၀၀ တန်ဖိုးရှိ စာအုပ်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ပြန်ကြားရေးရာဌာနမှ အလှူငွေကျပ် ၃၀၀၀၀၊ မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ် ၁၀၀၀၀နှင့် ငွေကျပ် ၄၀၀၀တန်ဖိုးရှိ သုတစာအုပ်မျိုးစုံ၊ တိုင်း၊ ခရိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ငွေကျပ် ၈၀၀၀၀တန်ဖိုးရှိ သုတရသ စာအုပ်မျိုးစုံ အုပ်ရေ၄၀၀၊ ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌက ငွေကျပ် ၅၀၀၀၀၊မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ငွေကျပ် ၂၀၀၀၀၊ အစုကြီးကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ရှမ်းစုကျေးရွာ ရပ်မိရပ်ဖများက ငွေကျပ် ၅၀၀၀၀စီ၊ ရှမ်းစုကျေးရွာမှ အလှူရှင် တစ်ဦးက ငွေကျပ်၁၀၀၀၀တို့ကို ပေးအပ်လှူဒါန်းရာ ကျေးရွာ စာကြည့်တိုက်ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် အတွင်းရေးမှူးတို့က လက်ခံရယူသည်။ **(အပေါ်ဝဲပုံ)**

ယင်းနောက် အစုကြီးကျေးရွာ အုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးဌေးအောင်က ကျေးရှုတင် စကားပြောကြားသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယဌာနကြီးမှူးနှင့် အဖွဲ့သည် သုတဒီပက စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ စာအုပ်လှူဒါန်းပွဲတွင် စုစုပေါင်း အလှူငွေ ကျပ်၂၅၀၀၀၀နှင့် စာအုပ်မျိုးစုံ ၈၂၃အုပ်ရရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း ထုတ်ကုန်အရောင်းပြပွဲ၌အားမာန်သစ် မော်တော်ယာဉ်များခင်းကျင်းပြသ

ရန်ကုန် ဧပြီ ၈

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း ထုတ်ကုန်အရောင်းပြပွဲ (၂၀၀၇)ကို ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဧပြီ၆ ရက်မှ ၈ ရက်အထိ ပြသခဲ့ပြီး Ever Smile Group မှ အားမာန်သစ် မော်တော်ယာဉ်များ ပြသခဲ့သည်။ **(ယာပုံ)**

ရောင်းချပေးလျက်ရှိ

အားမာန်သစ်မှ ထုတ်လုပ်သည့် AMT-1 Ton (Light Truck) မော်တော်ယာဉ်များတွင် အင်ဂျင်များကို 2C (Turbo) 2Y, 2C, 3C (Turbo), Q1, Q5 ဟူ၍ ခွဲခြားထုတ်လုပ်ထားသည်။ ဂီယာအမျိုးအစားများမှာ 5 Speed, 5 Speed (Manual)- Auto, 4 Speed (Manual)တို့ဖြစ်သည်။ စီယာရင်မှာ Power Steering ဖြစ်သည်။ Model မှာ AMT-08, AMT-09, AMT-010 တို့ဖြစ်ပြီး နှစ်သက်ရာ ဆေးအရောင်ဖြင့် မှာကြားနိုင်သည်။ ကားအရန်ပစ္စည်းများကို Mould ဖြင့် ပြုလုပ်ရောင်းချပြီး ကားခေါင်းခန်း(အလုံးလိုက်)၊ ကားနောက်ဘော်ဒီအလုံး၊ ဖရိန်၊ ဆီတိုင်ကီ၊ အိတ်ဇောတို့ကိုပါ ပြုလုပ်ပေးသည်။ သဘာဝဓာတ်ငွေ့ (CNG)သုံးကားအဖြစ် ထုတ်လုပ်ရောင်းချပေးလျက်ရှိသည်။

ဖွင့်လှစ်ထား

မော်တော်ယာဉ်များကို အမှတ်(၂၂၉)ကနောင်မင်းသားကြီးလမ်း စက်မှုဇုန်(၂) လှိုင်သာယာ ဖုန်း-၆၈၂၈၁၃၊ ၆၈၂၈၁၄မှ ထုတ်လုပ်ပြီး အရောင်းပြခန်းကို အမှတ်(၄၂၃)အောက်ကြည့်မြင်တိုင်လမ်းမကြီး သီတာရပ်ရှင်ရုံအနီး အလုံမြို့နယ် ဖုန်း-၂၂၀၅၀၂၊ ၀၉-၅၁-၄၇၈၂၈၊ ၀၉-၈၀-၃၀၃၃၆တွင် ဖွင့်လှစ်ထားရှိကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

စာအုပ်စာပေ လူ့မိတ်ဆွေ

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။ ။

လမ်းမြေပေါ်မှ ကျူးကျော်အိမ်များ ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် တညင်းကုန်းရပ်ကွက် တန်ပိုဂိတ်အနီးရှိ ရပ်ကွက်ပိုင် ပေ၂၀ရှိ ဂေါက်ကွင်းလမ်းမြေပေါ်တွင် လမ်းမြေတစ်ဝက်ခန့်ကို ကျူးကျော်အိမ်ဆောက် ဈေးရောင်းနေသည့်အပြင် စိုက်ပျိုးမွေးမြူရေးပါ ပြုလုပ်နေကြပါသဖြင့် သက်ဆိုင်ရာမှ စိစစ်ကြပ်မတ်ပေးနိုင်ရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သား

နှမ်းလှော်ညှော်နံ့ မခံနိုင်

စာတည်းခင်ဗျား-

မကွေးမြို့ အောင်စေတနာရပ်ကွက်စီအုပ်စု(၁)လမ်းနှင့်(၂)လမ်းကြားတွင် စီးပွားဖြစ်လုပ်ကိုင်နေသော နှမ်းလှော်ဖိုကြီး တစ်ခုရှိပါသည်။ ၎င်းနှမ်းလှော်ဖိုမှ နေ့စဉ်ထွက်ရှိသော မီးခိုးများနှင့် ညှော်နံ့များကို ပတ်ဝန်းကျင်နေပြည်သူများ အမြဲရှူရှိုက်နေရပါ၍ ကျန်းမာရေးကို ထိခိုက်စေနိုင်ပါသဖြင့် သက်ဆိုင်ရာက စိစစ်ဆောင်ရွက် ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့မခံနိုင်သူများ

လမ်းပေါ်က ချိုင့်ကြီး ပြုပြင်ပေးပါ

စာတည်းရှင့်-

ကမာရွတ်မြို့နယ် အမှတ် (၅) ရပ်ကွက် အုံးတောဘုရားလမ်းနှင့် ဟံသာဝတီလမ်းမကြီး(ဆင်မလိုက်) လမ်းဆုံသည့်နေရာတွင် ကတ္တရာလမ်းသားများပျက်၍ ၁၀ပေခန့် ချိုင့်ဖြစ်ပေါ်နေပြီး ကားလမ်းအောက် ရေပိုက်မှာ ပေါက်၍ ရေများစိမ့်ထွက်နေပါသဖြင့် ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သူ

ကျူးကျော်လက်ဖက်ရည်ဆိုင် ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

ညောင်တုန်းမြို့နယ် ဆားမလောက်(စံပြ)ကျေးရွာ ဈေးထိပ်၊ ဈေးပိုင်မြေပေါ်တွင် ခြံဝင်းခတ်၍ လက်ဖက်ရည်ဆိုင် ဖွင့်လှစ်ရောင်းချလျက်ရှိပါသည်။ ၎င်းဆိုင်ကြောင့် ဈေးအတွင်းသို့ ဝင်ရာလမ်း ကျဉ်းမြောင်းသွားပြီး ဈေးအတွင်းသို့ ဝင်ထွက်သွားလာနေကြသော ထော်လာဂျီ၊ လက်တွန်းလှည်း၊ စက်ဘီးနှင့် ဆိုင်ကယ်တို့ မကြာခဏ မတော်တဆမှုဖြစ်ပေါ်နေပါ၍ စိစစ်ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ဈေးသည်တစ်ဦး

ယင်လုံအိမ်သာဆောက်လုပ်ရေး ကြပ်မတ်ဆောင်ရွက်ပေးပါ

စာတည်းခင်ဗျား-

အင်းစိန်မြို့နယ်ရွာမအရှေ့ရပ်ကွက် စပယ်ရုံလမ်းအတွင်းသို့ ဖြတ်သန်းစီးဆင်းနေသော ကသွယ်ချောင်းမှာ ယခုအခါ ခြံမြေချဲ့ထွင်ခြင်းများကြောင့် မိုးတွင်းအခါ ရေစီးဆင်းမှု နည်းပါးပြီး ရပ်ကွက်အတွင်း ရေလွှမ်းမိုးလေ့ ရှိပါသည်။ ထို့အပြင် ချောင်းအတွင်း အိမ်သာပိုက်များ တိုက်ရိုက်ချ၍ သုံးစွဲနေကြသဖြင့် ပတ်ဝန်းကျင်မှ အနံ့ဆိုးများ ခံစားနေရသောကြောင့် မိုးမကျမီ ရေစီးဆင်းမှု ကောင်းမွန်စေရန်နှင့် ယင်လုံအိမ်သာများ ဆောက်လုပ်ရေးအတွက် သက်ဆိုင်ရာက ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

စပယ်ရုံလမ်းသား

ပီပါထုရိုက်သံ နားမခံနိုင်

စာတည်းခင်ဗျား-

တောင်ငူမြို့ (၁၉)ရပ်ကွက် နယ်မြေ ၁ ကန်စိမ်းလမ်းတွင် ဒီဇယ်၊ ဓာတ်ဆီ၊ စားဆီ ပီပါအပိန်အချိုင့်များကို ပြန်လည်ကောင်းမွန်စေရန် အတွင်းလေဖြည့်ပြီး သံပိုက်၊သံတူများဖြင့် ထုရိုက်ပြုပြင်ကြရာ ယင်းအသံများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ နားမခံနိုင်အောင် ဖြစ်နေရပါ၍ လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

နားဒုက္ခခံစားနေရသူ

ရွာလယ်က ဝပ်ရှော့ ရွှေ့ပြောင်းစေချင်

စာတည်းခင်ဗျား-

ရောဝတီတိုင်း ဒေးဒရဲမြို့နယ် ဂွကြီးကျေးရွာအုပ်စု တမံ(ရော)ကျေးရွာ ရွာအလယ်ရှိ ဝပ်ရှော့မှ အသံများကြောင့် အနီးပတ်ဝန်းကျင်ရှိ ပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်ရပါသဖြင့် အဆိုပါဝပ်ရှော့အား သင့်တော်ရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

တမံရွာသား

အမှိုက်များ စနစ်တကျ စွန့်ပစ်စေချင်

စာတည်းရှင့်-

လမ်းမတော်မြို့နယ် (၁)ရပ်ကွက်ရှိ (၁)လမ်းနှင့်(၂)လမ်းကြား နောက်ဖေးလမ်းကြားတွင် နေအိမ်များမှ စွန့်ပစ်ထားသော အမှိုက်များ၊ စားသောက်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်များမှ စွန့်ပစ်အမှိုက်များ စုပုံနေပါသည်။ ထို့ကြောင့် ရေနုတ်မြောင်းများ ပိတ်ဆို့ပြီး အညစ်အကြေးအရည်များ ပြည့်လျှံနေသဖြင့် စည်းကမ်းတကျဖြစ်ရေး ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

စည်းကမ်းကျလိုသူ

အကြော်ဖိုရွှေ့ပြောင်းပေးစေလိုနှင့် ပတ်သက်၍ ရှင်းလင်းပြီး

၈-၁-၂၀၀၇ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်(၁၀၄)ရပ်ကွက် ရွှေပြည်စိုး(၂)လမ်းရှိ ရပ်ကွက်တွင်းမှ အကြော်ဖို ရွှေ့ပြောင်းပေးစေလို ပေးစာ**နှင့် ပတ်သက်၍ ဆောင်ရွက်ပြီးကြောင်း ဖော်ပြအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဆင်ချဆိပ်ရပ်ကွက်လမ်းရှိ စည်းကမ်းမဲ့ဈေးသည်များ ရှင်းပြီး

၅-၂-၂၀၀၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မြောက်ဦးမြို့ ဆင်ချဆိပ်ရပ်ကွက်လမ်းရှိ စည်းကမ်းမဲ့ဈေးသည်များ ရောင်းချမှု** ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ကြက်ခြံအနံ့ဆိုး ကြပ်မတ်ဆောင်ရွက်နေ

၁၂-၃-၂၀၀၇ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **လက်ပံတန်းမြို့ လက်ခုပ်ပင်ရွာ မင်းရပ်ရပ်ကွက် အနော်ရထာလမ်းထိပ် မြို့ဝင်လမ်းမကြီးဘေးရှိ မွေးမြူရေးကြက်ခြံမှ အနံ့ဆိုးများနှင့် ကြက်ဆူညံသံများကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရ** ပေးစာနှင့် ပတ်သက်၍ သက်ဆိုင်ရာမှ အပတ်စဉ်ကြပ်မတ်သွားမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ဧပြီ ၆ရက်က ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည့် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း ထုတ်ကုန်အရောင်းပြပွဲ (၂၀၀၇) ဖွင့်ပွဲ အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် ဧည့်သည်တော်များ ပြခန်းအတွင်း လှည့်လည်ကြည့်ရှုစဉ်။

(အမျိုးသမီးရေးရာ)

ရန်ကုန်တိုင်း အမျိုးသမီးလက်ရွေးစင်အသင်းနှင့် မြန်မာ့လက်ရွေးစင် အမျိုးသားဘောလုံးသမားဟောင်းများ ချစ်ကြည်ရေး အထူးခြေစမ်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၈

၂၀၀၇ခုနှစ် (၁၂)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းဝင်လေ့ကျင့်နေသည့် ရန်ကုန်တိုင်း အမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်းနှင့်မြန်မာ့လက်ရွေးစင် အမျိုးသားဘောလုံးသမားဟောင်းများ၏ ချစ်ကြည်ရေးအထူးခြေစမ်းပွဲကို ယမန်နေ့ ညနေ ၄နာရီခွဲ က တောင်ဥက္ကလာပမြို့နယ်ရှိ ပဒေသာအားကစားကွင်းတွင် ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ဇနီး ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့၊ ရန်ကုန်တိုင်းအမျိုးသမီးအားကစားအဖွဲ့ ဦးဆောင်နာယက ဒေါ်မာမာဝေ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၏ဇနီး ဒေါ်ခင်မေလတ်၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် ရန်ကုန်တိုင်းအမျိုးသမီးအားကစားအဖွဲ့တို့၏ ဥက္ကဋ္ဌများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်းအမျိုးသမီးဘောလုံးအသင်းအဖွဲ့ ခေါင်းဆောင်ဒေါ်မြတ်မြတ်ဦးနှင့်နည်းပြအဖွဲ့ဝင်များ၊ ဘောလုံးသမားများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

နှစ်ဂိုး–တစ်ဂိုးဖြင့်နိုင်

ချစ်ကြည်ရေးခြေစမ်းပွဲ မစတင်မီ နှစ်ဖက်ဘောလုံးသမားများအား တစ်ဦးချင်းမိတ်ဆက်ပေးသည်။ ယင်းနောက် ခြေစမ်းပွဲကို ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသမီးလက်ရွေးစင်အသင်းက မြန်မာ့လက်ရွေးစင်အမျိုးသားဘောလုံးသမားဟောင်းများအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ရန်ကုန်တိုင်းအသင်းအတွက် အနိုင်ဂိုးနှစ်ဂိုးကို အေးနန္ဒာလှိုင် တစ်ဦးတည်းကသွင်းယူပေးခဲ့ပြီး လက်ရွေးစင်ဟောင်းများအသင်းအတွက် ချေပဂိုးကို ဌေးမြင့်(ပို့ဆောင်ရေး)က သွင်းယူခဲ့သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ခြေစမ်းပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၏ဇနီး ဒေါ်ခင်မေလတ်က မြန်မာ့လက်ရွေးစင်ဟောင်းများ ဘောလုံးအသင်းအား ဂုဏ်ပြုဆုငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ ဆက်လက်၍ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ဇနီး ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့၊ ရန်ကုန်တိုင်း အမျိုးသမီးအားကစားအဖွဲ့ဦးဆောင်နာယက ဒေါ်မာမာဝေက ရန်ကုန်တိုင်း အမျိုးသမီးလက်ရွေးစင်အသင်းအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။**(အပေါ်ပုံ)** ၎င်းနောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာ ကျန်းမာရေးအဖွဲ့မှ ဒေါက်တာဒေါ်လေးခိုင်က ရန်ကုန်တိုင်းအသင်းအတွက် ဆေးဝါးများပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်း အမျိုးသမီးအားကစားအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြူကြူခိုင်က လက်ခံယူသည်။ ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးအသင်းအတွက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူက အင်အားပြည့် အစားအစာများ လှူဒါန်းသည်။ ၎င်းနောက် တိုင်းမှူး၏ဇနီးဒေါ်မာမာဝေက ရန်ကုန်တိုင်း အမျိုးသမီးအသင်းအား အောင်နိုင်ရေး အမှာစကား ပြောကြားပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ပြည်နယ်နှင့်တိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲကို ယှဉ်ပြိုင်ရန် လက်ရှိချန်ပီယံ ရန်ကုန်တိုင်းအသင်းသည် ပဏာမ ကစားသမား၂၂ဦးဖြင့် လေ့ကျင့်ပြင်ဆင်နေပြီး အဖွဲ့ခေါင်းဆောင်အဖြစ် ဒေါ်မြတ်မြတ်ဦး၊ အုပ်ချုပ်သူအဖြစ် ဒေါ်သိန်းသိန်းဌေး၊ နည်းပြချုပ်အဖြစ် ဦးဝင်းစိန်၊ လက်ထောက်နည်းပြများအဖြစ် ဦးမောင်မောင်ယု၊ဦးခင်မောင်မြင့်နှင့် ဦးသက်နိုင်တို့က တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ **(မြန်မာ့အလင်း)**

ကုက္ကိုင်းရေကူးအသင်း နွေရာသီ ရေကူးသင်တန်းဆင်း ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် အမှာစကားပြောကြား

ရန်ကုန် ဧပြီ ၈

ကုက္ကိုင်းရေကူးအသင်း ၂၀၀၇ခုနှစ် နွေရာသီရေကူးသင်တန်းဆင်းပွဲကို ယမန်နေ့ နံနက် ၉နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံလမ်းရှိ ကုက္ကိုင်းရေကူးကန်တွင်ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်ကာ သင်တန်းဆင်းအမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ကုက္ကိုင်းရေကူးအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ ဦးဆောင်သော အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ၊ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုဆုငွေ ချီးမြှင့်

ထို့နောက် ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်၊ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်း အောင်လက်မှတ်များ ချီးမြှင့်ပေးအပ်ပြီး သင်တန်းဆရာများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။ **(အပေါ်ပုံ)** ဆက်လက်၍ ကုက္ကိုင်းရေကူးအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက သင်တန်းဆင်း ကျေးဇူးတင်စကားပြောကြားပြီး သင်တန်းသား သင်တန်းသူများအား အလှူငွေကင်းလွတ်သည့် အသင်းဝင်ခွင့် ကံစမ်းမဲများဖောက်၍ အခမ်းအနားကို ရုပ်သိမ်းသည်။

တက်ရောက်

၂၀၀၇ခုနှစ် နွေရာသီ ကုက္ကိုင်း ရေကူးသင်တန်းကို မတ် ၂ရက်က စတင်ဖွင့်လှစ်ခဲ့ရာ သင်တန်းသား သင်တန်းသူ ၅၈၂ ဦး တက်ရောက်ခဲ့ပြီး ၂၀၀၇ ခုနှစ် နွေရာသီကုက္ကိုင်း ရေကူးသင်တန်း အမှတ်(၂)ကို ဧပြီ ၂၄ရက်တွင် ထပ်မံ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မူကြိုဆရာအတတ်ပညာရေး သင်တန်းဆင်း

ရန်ကုန် ဧပြီ ၈

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန မူကြိုဆရာအတတ်ပညာရေးသင်တန်း ကြီးကြပ်ရေး ကော်မတီက ကြီးမှူးဖွင့်လှစ်သော မူကြိုဆရာအတတ်ပညာရေးသင်တန်း အပတ်စဉ်(၁၄) သင်တန်းဆင်းပွဲအခမ်းအနားကို ဧပြီ ၇ရက် နံနက် ၉နာရီတွင် ကမာရွတ်မြို့နယ် ပြည်လမ်းရှိ အဆိုပါ ဦးစီးဌာန ရုပ်ရှင်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါသင်တန်းကို မတ်၁၂ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား သင်တန်းသူ ၆၈ဦး တက်ရောက်သည်။

ဖွင့်လှစ်မည်

သင်တန်းအပတ်စဉ်(၁၅)ကို မေ ၁၆ရက်တွင် ဆက်လက် ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးဘေးရှောင် မလောင်ခင်တား

အကြိုအခြေခံ မီးသတ်ဆင့်ပွား(လက်နက်ပါ)သင်တန်းဆင်း

ရန်ကုန် ဧပြီ ၈

မရမ်းကုန်းမြို့နယ် အကြိုအခြေခံ မီးသတ်ဆင့်ပွားသင်တန်း(လက်နက်ပါ) အမှတ်စဉ်(၆/၂၀၀၇) သင်တန်းဆင်းပွဲ အခမ်းအနားကို ဧပြီ ၆ ရက်ညနေ ၆နာရီက မြို့နယ်မီးသတ် တပ်ဖွဲ့စခန်း၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အုန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူးရဲကျော်သူစိုးနိုင်နှင့် တပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ သင်တန်းသား တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အုန်းက သင်တန်းဆင်း အမှာစကား ပြောကြားပြီး သင်တန်းထူးချွန်ဆုနှင့် သင်တန်းဆင်းလက်မှတ်များကို မြို့နယ်မီးသတ်ဦးစီးမှူး ရဲကျော်သူစိုးနိုင်က ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။**(အပေါ်ပုံ)**

(၄၂၁)

ရန်ကုန်အနောက်ပိုင်း ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ ကျောက်တံတား မြို့နယ် အမက (၂)တွင် မတ် ၂၆ ရက်က နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကျင်းပရာ ခရိုင်ပြန်/ဆက် ဒုတိယဦးစီးမှူးဒေါ်မာမာဦးနှင့် ကျောင်းအုပ်ဆရာကြီးဦးသိန်းဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

မဟာဝိဇယစေတီတော်ကြီး၌ ဘာနုရာဇာနေမင်းကြီး မြတ်စွာဘုရားအား နှစ်ကြိမ်တိုင် ဦးခိုက်ပူဇော်မည်

ရန်ကုန် ဧပြီ ၈

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း ဓမ္မရက္ခိတကုန်းပေါ်၌ တည်ထားကိုးကွယ်လျက်ရှိသော မဟာဝိဇယစေတီတော် ဂန္ဓကုဋိတိုက်အတွင်းရှိ အပ္ပရာဇိတပလ္လင်ပေါ်၌ သီတင်းသုံးစံပယ်လျက်ရှိသော နာဂစီဝရာပဋ္ဌပဋိမာ မြတ်စွာဘုရားဆင်းတုတော်မြတ်အား ရောင်ခြည်တစ်ထောင် အလင်းဆောင်သော ဘာနုရာဇာနေမင်းကြီးသည် မိမိ၏အလင်းရောင်ဖြင့် တစ်နှစ်တွင် တစ်လ၊ တစ်လတွင် တစ်ရက်၊ မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် ကဆုန်လဆန်း ၂ ရက် (မြန်မာနှစ်ဆန်း ၁ ရက်) ခရစ်သက္ကရာဇ် ၂၀၀၇ ခုနှစ် ဧပြီ ၁၇ ရက် နံနက် ၈ နာရီ ၃၅ မိနစ်တွင် တစ်ကြိမ်၊ ထိုနေ့ညနေ ၃ နာရီ ၂၅ မိနစ်တွင် တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ်တိုင်တိုင် ဦးခိုက်ပူဇော်မည်ဖြစ်သည်။

နေမင်းကြီးက မြတ်စွာဘုရားသခင်အား အလင်းရောင်ဖြင့် ဦးခိုက်ပူဇော်ချိန်တွင် ဗုဒ္ဓဘာသာဝင်သူတော်စင်များအနေဖြင့် မြတ်စွာဘုရားအား ပူဇော်၍ ဆုတောင်းအဓိဋ္ဌာန်ပြုကြသူများ အဓိဋ္ဌာန်အောင်မြင်ပြီး ဆုတောင်းပြည့်ဝနိုင်ကြသည့်အတွက် ထူးမြတ်လှသောအချိန်အခါတွင် မဖူးလိုက်ရ မရှိရလေအောင် သွားရောက်ဖူးမြော်ကြည်ညိုနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် မန္တလေးမြို့ အမရပူရမြို့နယ် အမှတ်(၁၀၃)သစ်စက် ခန်းမဆောင်တွင် မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းတို့ရှိ သစ်တောရေးရာဝန်ကြီးဌာနမှ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများအား အမှာစကားပြောကြားစဉ်။ (သစ်တောရေးရာ)

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများနှင့်တွေ့ဆုံ ပေးအပ်ထားသော လုပ်ငန်းတာဝန်များ ကျေပွန်ရေး မှာကြား

ရန်ကုန် ဧပြီ ၈

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဧပြီ ၆ ရက် မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် ရှင်းလင်းဆောင်သို့ရောက်ရှိရာ သစ်တောရေးရာဝန်ကြီးဌာနနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်နေသော Wood Land ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းအောင်က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

စစ်ဆေး

ဆက်လက်၍ ဝန်ကြီးက အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း သန့်ရှင်းသာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေး၊ ရာသီပန်းများ အဆက်မပြတ်ပွင့်နေစေရေးတို့ကို မှာကြားပြီး ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဖြည့်စွက်မှာကြား

ဝန်ကြီးသည် ညနေပိုင်းတွင် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်သို့ ရောက်ရှိလာရာ ဥယျာဉ်တာဝန်ခံ ဦးဇော်ထွန်းက ခရီးသည်လာရောက်မှု၊ သန့်ရှင်းသာယာလှပရေး၊ စိမ်းလန်းစိုပြည်လှပရေး ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးက ဖြည့်စွက်မှာကြားပြီး အမျိုးသားအထိမ်းအမှတ်ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

အလွဲသုံးစားမှုကင်းရှင်းရေး

ဝန်ကြီးသည် ဧပြီ ၇ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ အမရပူရမြို့နယ် အမှတ်(၁၀၃)သစ်စက် ခန်းမဆောင်၌ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့ရှိ သစ်တောဦးစီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့မှ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများအား အမှာစကားပြောကြားရာတွင် နိုင်ငံတော်မှ ပေးအပ်ထားသော လုပ်ငန်းတာဝန်များ၊ ရည်မှန်းချက်တာဝန်များကို ကျေပွန်အောင် ဆောင်ရွက်ရေး၊ လာဘ်ပေးလာဘ်ယူမှု၊ ငွေကြေးအလွဲသုံးစားမှုနှင့် ပစ္စည်းအလွဲသုံးစားမှုများ ကင်းရှင်းရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● ရှေ့ဖုံးမှ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ဘီးလင်းမြို့နယ်ရှိ မက်စ်မြန်မာကုမ္ပဏီလီမိတက်၏ ရွှေရောင်ပြ ရော်ဘာခြံသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ မက်စ်မြန်မာကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဇော်ဇော်က ရွှေရောင်ပြရော်ဘာခြံ၌ ရော်ဘာ ဧက ၅၀၀၀ စိုက်ပျိုးရန်အနက် ဧက ၃၀၀၀ ကို ဧက ၁၀၀၀ စီခွဲပြီး ဆောင်ရွက်နေမှုအခြေအနေတို့ကို ပဏာမ ရှင်းလင်းတင်ပြသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက သတ်မှတ်ထားသော ဧက ၃၀၀၀ ကို ၂၀၀၇-၂၀၀၈ တွင် အပြီး စိုက်ပျိုးသွားရေး၊ ဒေသတွင်းနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိအောင် ဆောင်ရွက်ပေးရေးတို့ကို မှာကြားပြီး ရော်ဘာစိုက်ခင်းများကို လှည့်လည်ကြည့်ရှုသည်။

နှမ်းပေါ်တိုးတက်စိုက်ပျိုး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ဘီးလင်းမြို့နယ် ဖွဲ့ကလာကျေးရွာသို့ရောက်ရှိပြီး ဒေသခံ တောင်သူလယ်သမားများနှင့် တွေ့ဆုံ၍ နှမ်းပေါ်တိုးတက်စိုက်ပျိုး ထုတ်လုပ်ရေးနှင့်စပ်လျဉ်း၍ မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက မြစ်ချောင်းများရှိ မြေနုကျွန်းများတွင် ဒေသအတွက် စားသုံးသီးနှံများကို စိုက်ပျိုးသွားရေး၊ နှမ်းပေါ်တစ်သီးသာစိုက်ပျိုးနိုင်သော လယ်မြေများတွင် အထွက်နှုန်း ပိုမိုတိုးတက်အောင် စိုက်ပျိုးသွားကြရေးအတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက အမှာစကားပြောကြားပြီး စပါးခြွေလှေ့စက်ဖြင့် စပါးခြွေလှေ့နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကျိုက်ထိုမြို့ မြို့နယ်ခန်းမ၌ ကျိုက်ထိုမြို့နယ်နှင့် ဘီးလင်းမြို့နယ်တို့မှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် ကျိုက်ထိုမြို့မှ ကျိုက်ထို-ကင်းမွန်းစခန်း ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် လမ်းတစ်လျှောက် လမ်းဘေးဝဲယာ ရော်ဘာခြံများကို ကြည့်ရှုစစ်ဆေးပြီး မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် မွန်ပြည်နယ်တို့ကို ဆက်သွယ်မည့် ခရိုင်ချင်းဆက်လမ်းအမှတ်(၂) ကြာပန်း-ဝင်းကံလမ်း၏ ကျိုက်ထိုမြို့နယ် အပိုင်း(၄) ဇီးကုန်း-ဆင်တွင်းလမ်းပိုင်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ကျိုက်ထိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဦးက ခရိုင်ချင်းဆက်လမ်း အမှတ်(၂)၏ အပိုင်း(၄) ဇီးကုန်း-ဆင်တွင်း ၁၄ မိုင်နှင့် အပိုင်း(၅) ဆင်တွင်း-ဝင်းကံ ၁၃ မိုင် စုစုပေါင်း ၂၇ မိုင်တွင် ၁၁ မိုင်ကို ဂဝံခင်းပြီးစီးမှု၊ ကျန် ၁၆ မိုင်ကို ဆက်လက်၍ ဂဝံခင်းနေမှုအခြေအနေ၊ ရေနုတ်မြောင်းတူးဖော်ခြင်းနှင့် တံတားများ တည်ဆောက်ပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက မိုးမကျမီ ရေနုတ်မြောင်းတူးဖော်ခြင်းကို ပြီးစီးအောင် ဆောင်ရွက်ရေးမှာကြားပြီး လမ်းပိုင်းဆောင်ရွက်ထားရှိမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးရာ အပိုင်း(၄) ဇီးကုန်း-ဆင်တွင်းလမ်းပိုင်းရှိ ဂုံညင်းနွယ်ချောင်း တံတားကို အုတ်ခုံ သစ်သားတံတားအဖြစ် အလျားပေ ၂၀၊ အနံ ၁၈ ပေ တည်ဆောက်ထားရှိမှု၊ လမ်းနှင့်တံတား ဆက်သွယ်မြေဖို့နိုင်မည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းရှင်းနှီးနှီး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် အပိုင်း(၄) ဇီးကုန်း-ဆင်တွင်းလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး မိုင်တိုင်အမှတ်(၁၅/၃)အနီး၌ ခဝါချောင်းနေရာ၌ တံတားတည်ဆောက်ရန် နေရာရွေးချယ်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား ရော်ဘာစိုက်ခင်းများ ထူထောင်စိုက်ပျိုးရေးတို့ကို မှာကြားပြီး ရှင်းရှင်းနှီးနှီး နှုတ်ဆက်ရာ ဇီးမြောင်းကျေးရွာအနီး၌ စက်ယန္တရားဖြင့် မြေသားလမ်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် မိုင်တိုင်(၁၉/၄)အနီး လမ်းဆုံရှိ လမ်းညွှန်ဆိုင်းဘုတ်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် လမ်းတစ်လျှောက် ဝဲယာရှိ ရော်ဘာစိုက်ခင်းများ၊ နှစ်ရှည်ပင်စိုက်ခင်းများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးသည်။

စိုက်ပျိုးမှုတိုးတက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် မိုင်တိုင်(၂၀/၄)အနီးရှိ ဝက်ဝံတောင် ကြိုးဝိုင်းရဲထွန်းကုမ္ပဏီ၏ ရော်ဘာသစ်တော စိုက်ခင်းရှင်းလင်းဆောင်၌ ပြည်နယ်မြေစာရင်းဦးစီးမှူးက မွန်ပြည်နယ်၏ မြေယာအသုံးချမှု၊ လုပ်မြေ မြေရိုင်းဖော်ထုတ်မှုနှင့် ဝင်းကံ-သဲအိမ်-မုတ္တမဒေသ ဖွံ့ဖြိုးရေး လမ်းဖောက်လုပ်ခြင်းကြောင့် လမ်းဘေးဝဲယာ ဒေသတို့၌ စိုက်ပျိုးရေး တိုးတက်လာမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကျုံမကူးချောင်းတံတား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက လိုအပ်သည်များကိုမှာကြားပြီး စက်ယန္တရားများဖြင့် ဂဝံမြေဖို့ဆောင်ရွက်နေမှု အခြေအနေနှင့် ဇီးကုန်း-ဆင်တွင်း-ဝင်းကံလမ်းမှ သိမ်ဇရပ်နှင့် သုံးခွ ကျေးရွာသို့သွားသော လမ်းဆုံမှတစ်ဆင့် ဝင်းကံရွာရှိ ကျုံမကူးချောင်းတံတားကို ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူး ဦးကျော်လင်းက တံတားအား အရှည်ပေ ၂၂၀၊ အကျယ် ၁၂ ပေ တည်ဆောက်ထားပြီး ဘေလီသံပေါင်သစ်သား ကြမ်းခင်းတံတားအဖြစ် ခံနိုင်ဝန် ၁၂ တန်ခံနိုင်ရည်ရှိအောင် တည်ဆောက်ထားမှု၊ ခံနိုင်ဝန် တန် ၆၀ အထိ ရည်ရွယ်၍ အဆင့်မြှင့် ဆောင်ရွက်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် စစ်တောင်းစက္ကူစက် အနီးရှိ တနောရေလှောင်တမံ စီမံကိန်းသို့ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ရှင်းလင်းဆောင်ရှေ့ရှိ ရှုရပ်မှ ရေလှောင်တမံမြေသားပုံပြင် မြေဖို့တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

သောက်သုံးရေပေးဝေ

တနောရေလှောင်တမံစီမံကိန်းကို ကျိုက်ထိုမြို့နယ် စစ်တောင်းစက္ကူစက် အနီး တနောချောင်းပေါ်၌ တည်ဆောက်လျက်ရှိပြီး စစ်တောင်းစက္ကူစက်အတွက် စက်ရုံသုံးရေနှင့် သောက်သုံးရေ တစ်နေ့လျှင် ဂါလန် ၉ ဒသမ ၅ သန်း ပေးဝေရန်နှင့် ပတ်ဝန်းကျင်ဒေသကို သောက်သုံးရေပေးဝေနိုင်ရန် ရည်ရွယ် တည်ဆောက်နေခြင်း ဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တနောရေလှောင်တမံ စီမံကိန်းမှ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာကြကာ စစ်တောင်းတံတား(မုပ္ပလင်) တည်ဆောက်ရေး စီမံကိန်းသို့ ရောက်ရှိကြသည်။

စာကြည့်တိုက်သစ်ဖွင့်လှစ်

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဧပြီ ၆ ရက် နံနက်ပိုင်းတွင် တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းနှင့် အဖွဲ့ဝင်များနှင့်အတူ ကျိုက်ထိုမြို့နယ် စစ်တောင်းစံပြကျေးရွာ ကိုယ့်အားကိုယ်ကိုး ကျွန်တော့်ရွာစာပျိုးခင်း စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းက ကျွန်တော့်ရွာစာပျိုးခင်း စာကြည့်တိုက်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက စာကြည့်တိုက်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

စာအုပ်မျိုးစုံပေးအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက စာကြည့်တိုက်အတွက် စာအုပ်မျိုးစုံကို စာကြည့်တိုက်ဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲကြည်နှင့် ဒုတိယဥက္ကဋ္ဌ ဦးမောင်ဆယ်တို့ထံ ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းက စာကြည့်တိုက်အတွက် စာအုပ်များကို စာကြည့်တိုက်ဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ထံ ပေးအပ်သည်။

အဆိုပါ ကျွန်တော့်ရွာ စာပျိုးခင်း စာကြည့်တိုက်အတွက် စာအုပ်မျိုးစုံ ၁၉၄၄ အုပ်ကို ပေးအပ်ခြင်းဖြစ်ပြီး အဆောက်အအုံသစ်မှာ အလျားပေ ၃၀၊ အနံ ၂၅ ပေခွဲ၊ အမြင့် ၁၀ ပေရှိ သွပ်မိုး အုတ်ကာ၊ မျက်နှာစာ သံဆန်ခါ အဆောက်အအုံဖြစ်ပြီး အလှူရှင်များနှင့် ကျေးရွာပြည်သူတို့က ငွေကျပ် သိန်း ၃၀ ခန့်ဖြင့် ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

ယင်းမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် မော်တော်ယာဉ်ဖြင့် နေပြည်တော်သို့ မွန်းလွဲပိုင်းတွင် ပြန်လည် ရောက်ရှိသည်။ **(သတင်းစဉ်)**

သွေးဆေးကန်ဆရာတော် တရားစခန်းပွဲများ

ရန်ကုန် ဧပြီ ၈

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ သွေးဆေးကန် ဆရာတော် ဘဒ္ဒန္တတေဇိန္ဒ(B.Sc, Phy)သည် ဧပြီ ၂၅ ရက်မှ မေ ၁ ရက်အထိ မိုင်းရှူးမြို့၌လည်းကောင်း၊ မေ ၁၄ ရက်မှ ၂၀ ရက်အထိ အဖွဲ့ခွဲ(၆၈) ကျောက်မဲမြို့၌လည်းကောင်း၊ ၂၂ ရက်မှ ၂၈ ရက်အထိ မိုင်းငေါ့မြို့၌လည်းကောင်း၊ မေ ၃၀ ရက်မှ ဇွန် ၃ ရက်အထိ သီပေါမြို့၌လည်းကောင်း၊ ဇွန် ၅ ရက်မှ ၁၁ ရက်အထိ နမ္မတူမြို့၌လည်းကောင်း၊ ဇွန် ၁၆ ရက်မှ ၂၂ ရက်အထိ ခက်သင်ရွှစဥ့်ကူးမြို့၌လည်းကောင်း ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိသယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မောင်တောမြို့နယ်အသင်း သက်ကြီးပူဇော်ပွဲ

ရန်ကုန် ဧပြီ ၈

မောင်တောမြို့နယ်အသင်း (ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဧပြီ ၂၂ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်း မဏ္ဍလာကံယုံကျောင်း ပရိယတ္တိစာသင်တိုက်၌ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ၊ မြို့နယ်သူ မြို့နယ်သားများ မပျက်မကွက် ကြွရောက်ပါရန်နှင့် အသက် ၈၀ နှင့်အထက် အသင်းဝင်များ၊ ၂၀၀၅-၂၀၀၆ ပညာသင်နှစ်အတွင်း တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးရရှိခဲ့ကြသော အသင်းဝင် သားသမီးများ၏ အမည်စာရင်းကို ဦးဇော်ဝင်း(ဥက္ကဋ္ဌ) ဖုန်း-၀၉-၅၀၀၆၈၂၀၊ ဦးခင်လှ (ဒု-ဥက္ကဋ္ဌ) ဖုန်း -၂၉၃၃၅၂၊ ဦးအေးသိန်း(ဒု-ဥက္ကဋ္ဌ) ဖုန်း-၀၉-၅၁၅၇၅၁၃၊ ဒေါ်ခင်စောဝေ (ဘဏ္ဍာရေးမှူး) ဖုန်း-၀၉-၅၁၀၆၅၅၇ တို့သို့ အမြန်ဆုံး ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အချိန်အခါမဟုတ် မိုးရွာဖွယ်

ရန်ကုန် ဧပြီ ၈

ယနေ့နံနက် မြန်မာစံတော်ချိန် ၉ နာရီခွဲ အချိန် တိုင်းထွာချက်များအရ ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

(သတင်းစဉ်)

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် ရေနံနှင့်သဘာဝဓာတ်ငွေ့အထွက်တိုးရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဧပြီ ၈

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် ရေနံနှင့်သဘာဝဓာတ်ငွေ့အထွက်တိုးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၆ ရက် မွန်းလွဲပိုင်းတွင် မကွေးတိုင်း မင်းဘူးမြို့နယ်ရှိ မန်းရေနံမြေ အစည်းအဝေးခန်းမ၌ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက (ယာပုံ) **အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်နိုင်ခဲ့မှု အခြေအနေအား ပြန်လည်သုံးသပ်ပြီး ယနေ့ကမ္ဘာ့ရေနံဈေးနှုန်း မြင့်မားလျက်ရှိသဖြင့် ပြည်တွင်းသုံးစွဲမှုဖူလုံစေရေးအတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့အထွက်တိုးရေး၊ နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်ရေး၊ နိုင်ငံပိုင်ပစ္စည်းများ အလေအလွင့်ဆုံးရှုံးမှုမဖြစ်စေရေးနှင့် မသမာမှုများပပျောက်ရေးအတွက် အဆင့်ဆင့် ကြပ်မတ်ထိန်းသိမ်းရေးတို့ကို ပြောကြားသည်။**

ဖြည့်စွက်ရှင်းလင်း

ထို့နောက် ရေနံမြေ အထွေထွေမန်နေဂျာများက မိမိတို့ရေနံမြေအလိုက် ရေနံနှင့်သဘာဝဓာတ်ငွေ့ အထွက်တိုးရေး၊ ရည်မှန်းချက်ပြည့်မီရေး စီမံဆောင်ရွက်ထားရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြကြပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ညွှန်ကြားရေးမှူးများနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများက ဖြည့်စွက်ရှင်းလင်းတင်ပြကြကာ အစည်းအဝေး ပထမနေ့အစီအစဉ်ကို ညနေပိုင်းတွင် ရပ်နားခဲ့သည်။

ရှေ့လုပ်ငန်းစဉ်ချမှတ်

အစည်းအဝေး ဒုတိယနေ့ အစီအစဉ်ကို ဧပြီ ၇ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ စွမ်းအင်စီမံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ကဏ္ဍအသီးသီးအလိုက် တင်ပြကြပြီး ဝန်ကြီးက ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ်၊ ရေနံမြေများအလိုက် ရေနံနှင့်သဘာဝဓာတ်ငွေ့များ တိုးတက်ထုတ်လုပ်ရေးအတွက် လျာထားချက်များ ချမှတ်ပေးပြီး ရေနံမြေအသစ်များ ရှာဖွေတူးဖော်မည့် အစီအမံများဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ပေးသည်။

ထို့နောက် ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ အထွက်တိုးရေး၏ အဓိက အခြေခံဖြစ်သော လက်ရှိရေနံအထွက်နှုန်း မကျဆင်းစေရေးနှင့် သတ်မှတ်ကာလများအလိုက် တွင်းသစ်များရှာဖွေတူးဖော်ပြီး ရေနံမြေသစ်များ ပေါ်ထွက်ရေး ကြိုးပမ်း ဆောင်ရွက်ကြရန်၊ ပညာရှင်များ ခါးဆက်မပြတ်ရေးအတွက် အရည်အချင်းရှိသူ ရိုးသားကြိုးစားသူများကို ရွေးထုတ်လေ့ကျင့်ပေးသွားရန် မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ထွက်ရှိ

ထို့နောက် ဝန်ကြီးသည် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများလိုက်ပါလျက် မန်းရေနံမြေရှိ အောင်မြင်စွာ Reopen ပြုလုပ်ကာ ရေနံထုတ်လုပ်လျက်ရှိသော တွင်းအမှတ်၄၂၂အား ကြည့်ရှုစစ်ဆေးသည်။ အဆိုပါတွင်းမှ နေ့စဉ်ရေနံစိမ်း ၁၃၅ စည်ခန့် ထွက်ရှိကြောင်း သိရှိရသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် ထောက်ရှာပင်-ကမ်းနီရေနံမြေတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် Focus Energy တို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော တွင်းအမှတ်(၇၃၄) အားသွားရောက်ကြည့်ရှုစစ်ဆေးကာ ဝန်ကြီးက အောင်မြင်စွာ တူးဖော်ပြီးစီးခဲ့သည့် တွင်းအမှတ်(၇၃၄)၏ ဘားခလုတ်ကို ဖွင့်လှစ်ကာ သဘာဝဓာတ်ငွေ့ကို မီးရှို့စမ်းသပ်ပေးသည်။ အဆိုပါတွင်းမှ နေ့စဉ် သဘာဝဓာတ်ငွေ့ ၂၃သမ၀၂ ကုဗပေသန်းခန့် ထွက်ရှိကြောင်း သိရှိရသည်။

ညှိနှိုင်းဆောင်ရွက်ပေး

ထို့နောက် လက်ရှိတူးဖော်လျက်ရှိသော တွင်းအမှတ်(၇၄၁) အားသွားရောက် ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီး ဘုရားလမ်းနေ ဦး မြတ်သင်းအောင်-အဂ္ဂမဟာသီရိ သုဓမ္မသီဂီ ဒေါ်ခင်မြင့်မြင့် (လူမှုထူးချွန် ပထမဆင့်) သား သမီး မြေးတစ်စုတို့က ဒေါ်ခင်မြင့်မြင့်၏ မွေးနေ့အထိမ်း အမှတ် သုံးထပ် ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ် ၁၁ သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

အင်းစိန်မြို့နယ် လှိုင်မြစ်လမ်းနှင့် ပဒေသာလမ်းထောင့် အင်းစိန်ဈေးတွင် ဧပြီ ၇ ရက်က ကြက်ငှက်တုပ်ကွေး အသိပညာပေး ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာတင်ထွန်းတို့က ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(ခရိုင် ပြန်/ဆက်)

တာမွေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အင်္ဂလိပ်စကားပြောနှင့် ကွန်ပျူတာသင်တန်းများဖွင့်

ရန်ကုန် ဧပြီ ၈

တာမွေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အင်္ဂလိပ်စကားပြောသင်တန်းနှင့် ကွန်ပျူတာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၇ ရက် ညနေ ၄ နာရီက မြို့နယ်အသင်းရုံးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းနှင့်အလုပ်အမှုဆောင်များ၊ တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမောင်မောင်မြင့်၊ မြို့နယ်အသင်း အတွင်းရေးမှူး ဒေါ်လှဲ့လှဲ့ဝင်းဆွေနှင့် အလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းနည်းပြများ ရပ်ကွက်စည်းရုံးရေးမှူးနှင့် အမှုဆောင်များ သင်တန်းသားများ တက်ရောက်ကြသည်။

အမှာစကား

ရှေးဦးစွာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းနှင့် တာမွေမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမောင်မောင်မြင့်တို့က သင်တန်းဖွင့် အမှာစကား ပြောကြားကြသည်။

(က-ပ)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၁၅)ဖြန့်ချိ

ရန်ကုန် ဧပြီ ၈

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၁၅)တွင် ရာသီဥတုပူပြင်းချိန်တွင် အပူနှင့်လိုက်လျောညီထွေနေထိုင်တတ်ရန်လို၊ ရန်ကုန်လေဆိပ်သစ်ကြီးတွင် ဂျီအက်စ်အမ်ဖုန်းများ လွယ်ကူစွာအသုံးပြုနိုင်ပြီ၊ မြန်မာဘွဲ့ရလူငယ်များ အီးယူ ၂၅ နိုင်ငံတွင် ပညာသင်ဆုလျှောက်ထားနိုင်၊ တောဆင်ရိုင်းများ နှောင့်ယှက်မှုကြောင့် လှည်းကူးမြို့နယ်အတွင်းရှိ မရမ်းချောင်းကျေးရွာအုပ်စု၌ လူပေါင်း ၂၅ ဦး သေဆုံးခဲ့၊ အပိုလိုခရီးသည်တင် ဖိမ်ခံသင်္ဘောမှ မြန်မာသင်္ဘောသားများ လာရောက်ခေါ်ယူမည် စသည့် ပြည်တွင်းရေးရာသတင်းများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

‘နွေအပူနှင့်အတူ ဖာဂူဆန်နဲ့မော်ရင်ဟိုတို့ရဲ့ရင်ကို လောင်မြိုက်စေခဲ့တဲ့ ချန်ပီယံလိဂ် ညတစ်ည’အားကစားဆောင်းပါးနှင့်အတူ စင်ကာပူနိုင်ငံရှိ နိုင်ငံခြားသားဉာဏလုပ်သားများ ဘွဲ့လက်မှတ်အတုဖြင့် အလုပ်ပါမစ်လျှောက်သူ တိုးပွားလာနေ၊ အာရှ၏ အိတ်ချ်အိုင်ဗွီဖြစ်ပွားမှုနှုန်း ရှေ့ငါးနှစ်အတွင်း နှစ်ဆဖြစ်လာနိုင်၊ ခွေးဟောင်ခြင်းဆိုင်ရာဥပဒေအားကန့်ကွက်သူ တရားရုံးမှပယ်ချ၊ ကမ္ဘာ့အရပ်မြင့်ဆုံးလူသား လက်ထပ်မင်္ဂလာကျင်းပ၊ စင်ကာပူအကြမ်းဖက်မှုဆိုင်ရာ အကယ်ဒမီသရုပ်ပြပွဲတင်ပြ စသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media Houseမှက မြန်မာတစ်ပြည်လုံး ဖြန့်ချိထားသည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့အနီးတွင် တည်ထားကိုးကွယ်မည့် ဝိပဿနာစေတီတော်ကြီးအတွက် အလှူတော်ငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၈

အိန္ဒိယသမ္မတနိုင်ငံ မွန်ဘိုင်းမြို့အနီးတွင် တည်ထားကိုးကွယ်မည့် ဝိပဿနာစေတီတော်ကြီးအတွက် အဋ္ဌမအကြိမ် အလှူတော်ငွေပေးအပ်ပွဲကို ယနေ့နံနက်၉နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ဓမ္မဇောတိ ဝိပဿနာရိပ်သာဓမ္မခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

အလှူငွေပေးအပ်

ထို့နောက် အလှူငွေပေးအပ်ပွဲကို ကျင်းပရာ ကမာရွတ်မြို့နယ် ရွှေယင်းမာလမ်း ရွှေပိတောက်ရိပ်မွန်နေ ဦးသိန်းချို မိသားစုနှင့် ဗဟန်းမြို့နယ် ဝင်္ကပါလမ်းနေ ဦးမင်းဒင်အား ရည်စူး၍ ဒေါ်မြမြရီ မိသားစုတို့က ငွေကျပ် ၁၀ သိန်းစီ၊ လမ်းမတော်မြို့နယ် ဗဟိုစည်အိမ်ရာနေ ဦးရွှေလင်း-ဒေါ်နွယ်လင်း မိသားစု၊ ရန်ကင်းမြို့နယ် ပန်းခြံအိမ်ရာနေ ကွယ်လွန်သူဖခင်ကြီး ဦးခင်မောင်အား ရည်စူး၍ မိခင်ကြီး ဒေါ်စိန်မြိုင်နှင့် သားသမီး မြေးတစ်စု၊ သန်လျင်မြို့နယ် ရုံးတော်ရပ်ကွက်နေ ဦးတင်-ဒေါ်အေး သားသမီးမြေးတစ်စုတို့က ငွေကျပ် ရှစ်သိန်းစီ၊ ကွယ်လွန်သူ မိခင်ကြီး ဒေါ်သန်း(ခ) ဒေါ်အတ်ချားမားအား ရည်စူး၍ ကျန်ရစ်သူမိသားစုနှင့် သားသမီး မြေးမြစ် (ဒေါ်တင်လှဓာတ်ခွဲခန်း ကျွမ်းကျင်သင်တန်း) တို့က ငွေကျပ် ရှစ်သိန်းတန်ဖိုးရှိ ရတနာပစ္စည်း၁၁ မျိုး၊ ဒဂုံမြို့နယ် ဦးဝိစာရအိမ်ရာနေ ဦးခင်မောင်မြင့် မိသားစုက အက်ဖ်အီးစီ ၁၀၀၊ ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းနေ ကွယ်လွန်သူဖခင်ကြီး ဦးအေးဖေအား ရည်စူး၍ ဇနီး ဒေါ်စန်းရီ သားသမီး မိသားစုက ဒေါ်လာ ၅၀၀၊ ရန်ကင်းမြို့နယ်နေ ဦးသိန်းကျော်-ဒေါ်မြမြဝင်း၊ ကိုမြင့်ဌေး-မတင်ဇာနီကျော်၊ ကိုအောင်မျိုးကျော် မိသားစုတို့က ဒေါ်လာ ၂၀၀ နှင့် ငွေကျပ် ၂၅၀၀၀၀၊ လမ်းမတော်မြို့နယ် လှည်းတန်းလမ်းနေ ဦးသန်းအောင်-ဒေါ်စန္ဒာလင်း မိသားစု၊ ရေနံချောင်းမြို့ မကျီးလေးပင်ရပ်နေ လေယာဉ်ပျံတံဆိပ် ဒေါ်လှရှင် ဆေးလိပ်ခုံပိုင်ရှင် ဒေါ်သန်းညွန့် (အသက် ၈၀ ပြည့်မွေးနေ့)အလှူ၊ လှိုင်မြို့နယ်နေ ဒုတိယဗိုလ်မှူးကြီးမြလွင်(ငြိမ်း)-ဇနီး ဒေါ်ခင်ဌေး မိသားစု၊ သုံးခွမြို့နယ်သူ မြို့နယ်သားများ စုပေါင်းအလှူ အပါအဝင် ငွေကျပ် ငါးသိန်းစီ၊ တာမွေမြို့နယ် ကျောက်မြောင်း ဗဟိုလမ်းနေ ကွယ်လွန်သူ မိဘနှစ်ပါးဖြစ်သော အငြိမ်းစား အမြတ်ခွန်ဝန်ထောက် ဦးလှဒင်-ဒေါ်ခင်သိန်းတို့ အားရည်စူး၍ သမီးဒေါ်ခင်ခင်စုက တန်ဖိုး ၄၅၀၀၀၀ ရှိ ရွှေဒင်္ဂါးပြားနှစ်ပြား၊ လသာမြို့နယ် ၂၄ လမ်းနေ ဦးကျီရ-ဒေါ်ဟုန်မြင့်တို့အား ရည်စူး၍ သမီးဒေါ်မြမြဝင်းက တန်ဖိုး ၄၅၄၃၇၅ ရှိ ရတနာပစ္စည်းများ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)က ငွေကျပ် ၄၈၈၉၈၀၊ သုဝဏ္ဏမြို့နေ မိခင်ကြီး ဒေါ်သန်းတင်၏ (၈၅)နှစ်မြောက် မွေးနေ့ အကြိုအလှူအဖြစ် မိခင်ကြီးနှင့် သားသမီး မြေးမိသားစုက ငွေကျပ် ၃၅၀၀၀၀ အပါအဝင် အလှူရှင်အသီးသီးက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာမြင့်ကြည်၊ ဓမ္မဇောတိဝိပဿနာ ရိပ်သာဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးဥက္ကါနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

လှူဒါန်းငွေ

ယင်းနောက် အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိဝိပဿနာအဖွဲ့ အကြံပေးနာယက ဗန္ဓုလဦးရွှေက အလှူရှင်များကိုယ်စား စုစုပေါင်းလှူဒါန်း ငွေကျပ် ၂၅၇၁၆၇၄၅၊ ငွေကျပ် ၂၆၆၄၃၇၅ တန်ဖိုးရှိ ရတနာပစ္စည်းများ၊ ဒေါ်လာ ၂၄၂၀၊အက်ဖ်အီးစီ ၂၃၀နှင့် ရူပီး ၁၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာမြင့်ကြည်နှင့် တာဝန်ရှိသူများက လက်ခံကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၉-၄-၂၀၀၇ ရက် (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၁၀ ၆။ လှပဝင့်ကြွား ဖောင်တော်ကြီး ဆိပ်ခံတံတား
၈:၁၅ ၇။ ခါသင်္ကြန်အဆိုအကများ
၈:၃၀ ၈။ International News
၈:၄၅ ၉။ Grammar made Easy

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Practice in Reading
၁၆:၄၀ ၄။ ခါသင်္ကြန်အဆိုအကများ
၁၆:၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(သတ္တဗေဒအထူးပြု) [သတ္တဗေဒ]
၁၇:၀၀ ၆။ မြန်မာ့ရိုးရာတောဓလေ့ ကျေးလက်တေးသံများ
၁၇:၁၀ ၇။ မြန်မာစာ မြန်မာစကား
၁၇:၂၀ ၈။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၇:၃၀ ၉။ **“လုံ လုံ လုံ”** ဖိုးဉာဏ်၊ မေကဗျာ (ဒါရိုက်တာ-မလိခစိုးထိုက်အောင်)
၁၇:၃၅ ၁၀။ ခါသင်္ကြန်အဆိုအကများ
၁၇:၄၅ ၁၁။ မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန် (၁၃၆၇ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၂ ရက် မဟာသင်္ကြန်အကျနေ့)
၁၈:၀၀ ၁၂။ ညနေခင်းသတင်း
၁၈:၃၀ ၁၃။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၄။ အလှရှာမယ် လှကမ္ဘာဝယ်
၁၉:၀၀ ၁၅။ ခါသင်္ကြန်အဆိုအကများ
၁၉:၁၅ ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်သစ္စာ ဘဝပင်ခြားသော်လည်း”** (အပိုင်း-၁၀)
၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ရေသူမလေး ဒုတိယချစ်ပုံပြင်”** (အပိုင်း-၁)
၂၁။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်

အငယ်တန်း စနူကာပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ရန်ကုန် ဧပြီ ၈

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်က ကြီးမှူး၍ လမ်းမတော် ဘိလိယက်နှင့် စနူကာစင်တာနှင့် Pelican Co., Ltd. က တာဝန်ယူ ကျင်းပသည့် အငယ်တန်း စနူကာပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေ ၃ နာရီက လမ်းမတော် ဘိလိယက်နှင့် စနူကာစင်တာတွင်ကျင်းပရာ ခိုင်လင်းဦးနှင့် သီဟဝင်းတို့ ငါးပွဲ အကြိတ်အနယ်ယှဉ်ပြိုင်ကစားရာ ခိုင်လင်းဦးက သုံးပွဲ-နှစ်ပွဲဖြင့် အနိုင်ရရှိပြီး ဆုတံဆိပ်နှင့် ငွေသားကျပ် သုံးသိန်း ဆွတ်ခူးရရှိသွားသည်။ ဒုတိယဆုကို သီဟဝင်းက ဆုတံဆိပ်နှင့် ငွေကျပ် နှစ်သိန်းဆုကိုလည်းကောင်း၊ တတိယဆုကို ဇေယျာထက်က ဆုတံဆိပ်နှင့် ငွေသားကျပ် တစ်သိန်းကိုလည်းကောင်း၊ တစ်ဦးချင်း တစ်ကျူတည်းဖြင့် အမှတ်အများဆုံး ထိုးသူဆုကို ဇေယျာထက်က ရရှိပြီး ငွေသားကျပ် ငါးသောင်း ရရှိသွားသည်။

ချီးမြှင့်

ဆုများကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းတို့က ပေးအပ်ချီးမြှင့်သည်။ **(မြန်မာ့အလင်း)**

ဒုတိယဆုရ သီဟဝင်း၊ ပထမဆုရ ခိုင်လင်းဦးနှင့် တတိယဆုရ ဇေယျာထက်တို့အား ဆုယူအပြီး တွေ့ရစဉ်။ (ဝဲမှယာ)

(မြန်မာ့အလင်း)

မလေးရှားမှ တရုတ်သို့ လေကြောင်းခရီးစဉ်သစ် ပျံသန်းမည်

ကွာလာလမ်ပူ ဧပြီ ၈

မလေးရှားနိုင်ငံအရှေ့ပိုင်းမှ တရုတ်နိုင်ငံတောင်ပိုင်းသို့ လေကြောင်းခရီးစဉ်သစ်တစ်ခု စတင်ပျံသန်းရန် မလေးရှားလေကြောင်းလိုင်း (အမ်အေအက်စ်)က သဘောတူညီလိုက်သည်ဟု မလေးရှားမီဒီယာများက ဧပြီ ၅ရက်၌ ဖော်ပြသည်။

ပျံသန်းမည်

အဆိုပါ တစ်ထောက်နား လေကြောင်းခရီးစဉ်ကို မလေးရှားနိုင်ငံ အရှေ့ပိုင်း ကမ်းခြေဆိပ်ကမ်းမြို့ ဖြစ်သည့် မီရီလေဆိပ်မှ တရုတ်နိုင်ငံ ကွမ်ကျိုးမြို့နှင့် ဟောင်ကောင်သို့ ပျံသန်းပေးမည်ဖြစ်သည်။

ပို့ဆောင်ပေး

ထိုသို့ လေယာဉ်ခရီးစဉ် ပျံသန်းမှုကြောင့် မလေးရှားနိုင်ငံ ဆာရာဝပ်ပြည်နယ် မီရီမြို့သို့ ကမ္ဘာလှည့်ခရီးသည်များကို ပိုမို ပို့ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း အမ်အေအက်စ် အာဏာပိုင်များက ပြောကြားသည်။

ရယူဆောင်ရွက်

မလေးရှားနိုင်ငံပိုင် လေကြောင်းလုပ်ငန်းအနေဖြင့် လေယာဉ်များပျံသန်းရေးထိန်းချုပ်မှုအတွက် ပိုမိုကောင်းမွန်သော သတင်းအချက်အလက်များကို ရယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မလေးရှား လေကြောင်းလိုင်း အနေဖြင့် တိုက်ရိုက်လေကြောင်း ခရီးစဉ်သစ်များ ပျံသန်းနိုင်ရန်လည်း မလေးရှား အာဏာပိုင်များက တွန်းအားပေးလျက်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အင်္ဂလန်နိုင်ငံတောင်ပိုင်းတွင် ပေါက်သော မှိုများကို ဧပြီ ၇ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ ကျန်စုပြည်နယ် ယန်ကျိုးမြို့ရှိ မူလတန်းကျောင်းတွင် ကလေးငယ်များက မိဘများ၏ ခြေထောက်များ ဆေးကြောသန့်စင်ပေးနေကြသည်ကို ဧပြီ ၅ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မက္ကဆီကို၌ အပန်းဖြေကမ်းခြေတုများ ဖွင့်လှစ်

မက္ကဆီကိုစီးတီး ဧပြီ ၈

မက္ကဆီကိုစီးတီး၌ ဧပြီ ၅ ရက်က ဝင်ငွေနည်းပြည်သူများ အပန်းဖြေအနားယူနိုင်ရန်အတွက် ကမ်းခြေတု သုံးခုကျော်ကို ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကမ်းခြေတုများတွင် ပြည်သူများအား လွတ်လပ်ပျော်ရွှင်စွာ အပန်းဖြေ အနားယူနိုင်စွမ်းရှိစေရန် အခိုင်အမာပြုလုပ်ထားကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အစ္စရေးစစ်သားအား ပါလက်စတိုင်း ပြန်လွှတ်မည်

ပါရီ ဧပြီ ၈

လွန်ခဲ့သည့်ဇွန်လက အစ္စရေးတောင်ပိုင်း ဂါဇာနယ်စပ်၌ ဖမ်းဆီးခံခဲ့ရသည့် အစ္စရေးစစ်သား ဂီလက်ရှလစ်အား မကြာမီအတွင်း ပြန်လွှတ်ပေးတော့မည်ဖြစ်ကြောင်း ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်က ဧပြီ၆ရက်တွင် ရုပ်မြင်သံကြားမှတစ်ဆင့် ပြောကြားလိုက်သည်။

အမ်အင်န်အေ၊ရိုက်တာ

ကမ္ဘောဒီးယား၌ ကြက်ငှက်တုပ်ကွေး ဖြစ်ပွား

ဖနောင်ပင် ဧပြီ ၈

ကမ္ဘောဒီးယားနိုင်ငံ ကင်ပေါင်းချန်ပြည်နယ် ပွန်ဟီယာခရက်ခရိုင် ဗီယက်နမ်နယ်စပ်တွင် အသက် ၁၃နှစ်အရွယ် မိန်းကလေးတစ်ဦး ကြက်ငှက်တုပ်ကွေးဖြင့် သေဆုံးသွားကြောင်း ကမ္ဘောဒီးယား ကျန်းမာရေးဝန်ကြီးဌာနက ဧပြီ ၅ရက်တွင် ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဘယ်လ်ဂျီယံ စားသောက်ဆိုင်များအတွင်း ဆေးလိပ်သောက်မှုပိတ်ပင်

ဘရပ်ဆဲလ် ဧပြီ ၈

ဘယ်လ်ဂျီယံနိုင်ငံ၌ ဇန်နဝါရီလရက်မှစပြီး စားသောက်ဆိုင်များအတွင်း ဆေးလိပ်သောက်သုံးခြင်းကို ပိတ်ပင်လိုက်ကြောင်း ဘယ်လ်ဂျီယံ နေ့စဉ်သတင်းစာ ဒီစတန်းဒတ်က ဧပြီ ၆ရက်တွင် ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ရာသီဥတု ပူနွေးမှုကြောင့် ဇီဝဗေဒ အကျိုးသက်ရောက်မှု တွေ့ရှိ

လန်ဒန် ဧပြီ ၈

အပူချိန်မြင့်မားကာ ရာသီဥတုပြောင်းလဲလာမှုကြောင့် အင်္ဂလန်နိုင်ငံတောင်ပိုင်းမှ ထွက်ရှိသောမှိုများကို မည်ကဲ့သို့ အကျိုးသက်ရောက်မှုရှိကြောင်းကို သားအဖနှစ်ဦးတို့၏ သုတေသန စီမံကိန်းက ဖော်ပြလျက်ရှိသည်။

စုဆောင်းလေ့လာ

မှိုချစ်သူ အက်ဒွပ်ဂန်ဂီသည် အင်္ဂလန်နိုင်ငံ တောင်ပိုင်း ဆော့လစ်ဘာရီဒေသ တစ်ဝိုက်မှ မှိုများ၏ နှစ်ပေါင်း၅၀ကျော်အတွင်းက မြင်ကွင်းအကွက် ၅၂၀၀၀ကို စုဆောင်းလေ့လာခဲ့သည်။

ရေးသားဖော်ပြ

သားဖြစ်သူ လန်ဒန်တက္ကသိုလ်ဂေဟဗေဒပါမောက္ခ အလန်ဂန်ဂီက ဖခင်နှင့်အတူ လေ့လာစူးစမ်းပြီးနောက် မှိုများ တစ်နှစ်လျှင် နှစ်ကြိမ်စတင်၍ မည်သို့ပွင့်လာကြသည်ကို သိပ္ပံဂျာနယ်တွင် အပြည့်အစုံရေးသားဖော်ပြလိုက်သည်။

ပထမဆုံး

ဤလေ့လာတွေ့ရှိချက်မှာ ဆောင်းဦးရာသီတွင် ရာသီဥတု ပူနွေးလာမှုကြောင့် ဇီဝဗေဒအကျိုးသက်ရောက်မှု မည်သို့ ဖြစ်ပေါ်လာသည်ကို ပထမဆုံး လေ့လာတွေ့ရှိချက်တစ်ခု ဖြစ်သည်ဟု သိရသည်။ **(အင်တာနက်)**

အီရတ်၌ ကန်တပ်ဖွဲ့ဝင် ငါးဦးသေဆုံး

ဘဂ္ဂဒက် ဧပြီ ၈

ဘဂ္ဂဒက်မြို့တွင် ဧပြီ ၄ရက်က သူပုန်များတိုက်ခိုက်မှုကြောင့် ၎င်းတို့၏တပ်ဖွဲ့ဝင် ငါးဦးသေဆုံးပြီး လေးဦးဒဏ်ရာရခဲ့ကြောင်း အမေရိကန်စစ်ဘက်က ဧပြီ ၅ရက်တွင် ထုတ်ဖော်ကြေညာခဲ့သည်။

ဘဂ္ဂဒက်တောင်ပိုင်းတွင် ကင်းလှည့်ယာဉ်အနီး လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရခဲ့ကြောင်း၊ ဘဂ္ဂဒက်မြောက်ပိုင်းတွင် လုံခြုံရေးအစောင့်အကြပ် ဖြည့်တင်းမှုပြုလုပ်နေသည့် ယာဉ်ကို လမ်းဘေးဗုံးပေါက်ကွဲထိမှန်မှုကြောင့် တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး တစ်ဦး ဒဏ်ရာရခဲ့ကြောင်း၊ ကင်းလှည့်ကားကို လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ငါးဦးမြောက် တပ်ဖွဲ့ဝင် သေဆုံးခဲ့ရကြောင်း ပြောကြားသည်။

ယင်းနေ့ နံနက်စောစောပိုင်းက ဘဂ္ဂဒက်မြို့၌ ဧပြီ၃ရက်တွင် သီးခြားတိုက်ခိုက်မှုများကြောင့် ၎င်းတို့၏တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး တစ်ဦး ဒဏ်ရာရခဲ့ကြောင်း အမေရိကန်စစ်ဘက်ကပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ကြက်ငှက်တုပ်ကွေး ပညာပေးအစီအစဉ် တစ်ရပ်အဖြစ် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကြက်သားပေါက်သဏ္ဌာန် စက်ရုပ်လေးများ ထုတ်လုပ်ထားမှုကို ကလေးများ ကြည့်ရှုနေကြသည်ကို ဧပြီ ၇ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ရေနံလုပ်ငန်းပူးပေါင်းဆောင်ရွက်ရန် ဘရာဇီးနှင့် အီကွေဒေါ သဘောတူညီ

ဘရာဆီးလီးယား ဧပြီ ၈

အီကွေဒေါနိုင်ငံ အမေဇုန်ဒေသ ယာဆူနီအမျိုးသားဥယျာဉ်နယ်မြေအတွင်း ရေနံလုပ်ငန်းတစ်ခုထူထောင်ရန် ဘရာဇီးနိုင်ငံပိုင် ပက်ထရိုဘား ရေနံလုပ်ငန်းနှင့် အီကွေဒေါနိုင်ငံမှ ရေနံလုပ်ငန်းတို့ ဧပြီ ၄ရက်က သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးခဲ့ကြသည်။

လက်မှတ်ရေးထိုး

အီကွေဒေါသမ္မတ ရာဖေးလ်ကော်ရီရာအနေဖြင့် ပြီးခဲ့သည့် ဇန်နဝါရီ ၁၅ရက်က ဘရာဇီးနိုင်ငံသို့ အလည်အပတ်ခရီး လာရောက်စဉ် ဘရာဇီးသမ္မတ လူဗ်အီနာစီရိုဒါဆီးလ်ဗားနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး သဘောတူညီခဲ့ကြခြင်းဖြစ်သည်။ အဆိုပါဒေသတွင် ရေနံလုပ်ငန်းထူထောင်ရေးတွင် ချီလီနိုင်ငံပိုင် ရေနံကုမ္ပဏီတစ်ခုနှင့် တရုတ်နိုင်ငံပိုင် စီနိုပက်ရေနံကုမ္ပဏီတို့ကလည်း ဘရာဇီးနိုင်ငံပိုင် ပက်ထရိုဘားကုမ္ပဏီနှင့် သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့ကြသည်။

အထောက်အကူပြု

ထိုဒေသတွင် ယခုကဲ့သို့ အခြားကုမ္ပဏီများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခြင်းသည် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးရေးနှင့် အနာဂတ်ပူးတွဲ စက်ရုံများ တည်ဆောက်ရေးအတွက်လည်းကောင်း၊ စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တိုးတက်ဖြစ်ထွန်းမှုကိုလည်း အထောက်အကူပြုမည် ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**



မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဆက်သွယ်ထား

တရုတ်နိုင်ငံ ယီချန်မြို့ရှိ မြစ်ကျဉ်းသုံးသွယ် ရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းခွင်ကို ဧပြီ ၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အရှေ့အာရှနိုင်ငံများနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရန် အာရပ်နိုင်ငံများအား ယူအေအီး စီးပွားရေးဝန်ကြီးတိုက်တွန်း

အဘူဒါဘီ ဧပြီ ၈

ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးပုံစံသစ်တွင် အရှေ့အာရှနိုင်ငံများနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန် အာရပ်နိုင်ငံများအား အာရပ်စော်ဘွားများ ပြည်ထောင်စု(ယူအေအီး)နိုင်ငံ၏ စီးပွားရေးလုပ်ငန်း ဝန်ကြီး ရှိတ်ခါလူဘနာအယ်ကာဆီမီက တိုက်တွန်းပြောကြားလိုက်သည်ဟု ယူအေအီးနိုင်ငံထုတ် ဂေါ့ဖ်နယူး သတင်းစာက ဧပြီ ၆ရက်၌ ဖော်ပြလိုက်သည်။

ကျင်းပ

ကမ္ဘာ့စီးပွားရေး ပြောင်းလဲမှုတွင် အရှေ့အာရှနိုင်ငံများသည် စိတ်ဝင်စားစရာအကောင်းဆုံးဖြစ်ကြောင်း ဒူဘိုင်းတွင်ဧပြီ၅ရက်ကကျင်းပသည့်သတင်းစာရှင်းလင်းပွဲ တစ်ရပ်၌ ယူအေအီး နိုင်ငံ၏ စီးပွားရေးလုပ်ငန်း ဝန်ကြီး အယ်ကာဆီမီက ပြောကြားသည်ဟု ၎င်းသတင်းစာ၌ ဖော်ပြထားသည်။

စာချုပ် ချုပ်ဆို

ဆော်ဒီအာရေဗျ ဘုရင်အဗ္ဗဒူလာ အနေဖြင့် အိန္ဒိယနိုင်ငံသို့ အလည်အပတ် ခရီးမကြာမီက သွားရောက်ခဲ့မှုနှင့် ယူအေအီးဒုတိယသမ္မတနှင့် ဝန်ကြီးချုပ် ရှိတ်မိုဟာမက်ဘင်ရာရှိတ်အယ်မာက လွန်တို့က နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အတွက် စာချုပ်များ ချုပ်ဆိုခဲ့ကြသကဲ့သို့ အာရပ်နိုင်ငံများကလည်း လုပ်ဆောင်သင့်ကြကြောင်း ၎င်းကပြောကြားသည်။

ပြောင်းလဲလာသော ကမ္ဘာ့စီးပွားရေးတွင် အရှေ့အာရှနိုင်ငံများနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်အောင်မဖြစ်မနေလုပ်ဆောင်ကြရန်လိုအပ်ကြောင်းလည်း အာရပ်နိုင်ငံများအား ၎င်းက ဆက်လက်ပြောကြားသည်။

ဆောင်ရွက်

တရုတ်နှင့် အိန္ဒိယနိုင်ငံတို့ အပါအဝင် အခြားအရှေ့အာရှ နိုင်ငံများနှင့် အတူ လွတ်လပ်စွာ ကုန်သွယ်ရေး၊ သဘောတူညီမှုရရှိရေးအတွက် ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်ရေး ကောင်စီ (ဂျီစီစီ)က ဆွေးနွေးသင့်ကြောင်း ၎င်းက ထပ်မံ ပြောကြားသည်ဟု အဆိုပါ သတင်းစာ၌ ဖော်ပြထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်၌သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၃၂၆၅ဦးရှိသွားပြီဟုဖော်ပြ

ဘဂ္ဂဒက် ဧပြီ ၈

အီရတ်နိုင်ငံ သီးခြားဖြစ်စဉ်နှစ်ရပ်တွင် ဧပြီ ၅ရက်က အမေရိကန် တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးကြောင်း အမေရိကန် စစ်ဘက်က ဧပြီ ၆ရက်တွင် ထုတ်ပြန်ကြေညာသည်။

အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ် ပြည်နယ်အတွင်း ပစ်ခတ်တိုက်ခိုက်ရာတွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရခဲ့ကြောင်း စစ်ဘက်ကြေညာချက်တွင် ဖော်ပြသည်။ ထိုနေ့ စောစောပိုင်းကလည်း ဒီယာလာ ပြည်နယ်အတွင်း လမ်းဘေးဗုံးပေါက်ကွဲသဖြင့် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး နှစ်ဦး ဒဏ်ရာရခဲ့ကြောင်း အခြားသော စစ်ဘက်ကြေညာချက်တွင် ဖော်ပြထားသည်။

၂၀၀၃ခုနှစ် မတ်လတွင် အီရတ်နိုင်ငံအား အမေရိကန်နှင့်အပေါင်းပါ တပ်များ ကျူးကျော်ပြီးနောက် အီရတ်၌ သေဆုံးသည့် အမေရိကန် တပ်ဖွဲ့ဝင် စုစုပေါင်း ၃၂၆၅ဦး ရှိသွားပြီဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဂျပန်-တရုတ်ယဉ်ကျေးမှုနှင့် အားကစားဆိုင်ရာ ချစ်ကြည်ရေး သံတမန်ရွေးချယ်

တိုကျို ဧပြီ ၈

ဂျပန်-တရုတ်ယဉ်ကျေးမှုနှင့် အားကစားဆိုင်ရာ အပြန်အလှန်ဖလှယ်ရေးနှစ် ၂၀၀၇အတွက် ချစ်ကြည်ရေး သံတမန်များအဖြစ် ဂျပန်နိုင်ငံမှ စားပွဲတင်တင်းနစ် အကျော်အမော် အိဖူကူဟာရာနှင့် ပေါ့စတားအဆိုတော် နိုရီကိုဆာကီတို့အား ဧပြီ ၅ရက်က ရွေးချယ်ခဲ့ကြောင်း သိရသည်။

ဖူကူဟာရာနှင့် ဆာကီတို့နှစ်ဦးသည် ဂျပန်နှင့် တရုတ်နှစ်နိုင်ငံတို့၏ ယဉ်ကျေးမှုနှင့် အားကစားဆိုင်ရာ အရေးကြီးသော လှုပ်ရှားမှုအားလုံးကို ပါဝင်ဆောင်ရွက်ပေးရမည်ဖြစ်သည်။

ဖြစ်ထွန်းရေး

ထို့အပြင် နှစ်နိုင်ငံပြည်သူများအကြား အချင်းချင်းရင်းနှီးချစ်ကြည်မှုနှင့် နားလည်သဘောပေါက်မှုများ ပိုမိုဖြစ်ထွန်းရေးအတွက် တိုးမြှင့်ဆောင်ရွက်ကြရမည်ဖြစ်သည်။

အပြန်အလှန်

တစ်ဖန်နှစ်နိုင်ငံ လူငယ်များအကြား အပြန်အလှန်ကူးလူးဆက်ဆံရေး တိုးပွားစေရန်လည်း အားစိုက်လုပ်ဆောင်ပေးကြရမည်ဖြစ်သည်ဟု နှစ်နိုင်ငံ အပြန်အလှန်ယဉ်ကျေးမှုနှင့် အားကစားဆိုင်ရာဖလှယ်ရေး စီမံခန့်ခွဲမှုကော်မတီမှ အရာရှိများက ပြောကြားသည်။ ဖူကူဟာရာနှင့် ဆာကီတို့သည် တရုတ်နိုင်ငံ၌လည်း လူကြိုက်များသည့်သူများဖြစ်ကြသဖြင့် ယခုကဲ့သို့ ရွေးချယ်ခဲ့ခြင်းဖြစ်သည်ဟု ၎င်းတို့က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဆိုင်ကလုံးမုန်တိုင်း ထပ်မံတိုက်ခတ် မာဒါဂတ်စကာကျွန်း၌ လူသုံးဦးသေဆုံး

အင်န်တာနာနာရီဗို ဧပြီ ၈

အိန္ဒိယသမုဒ္ဒရာအတွင်းရှိ မာဒါဂတ်စကာကျွန်းတွင် စောစောပိုင်းက မုန်တိုင်းတိုက်ခတ်ရာ လူ၈၀သေဆုံးခဲ့ရပြီးနောက် နောက်ထပ်ဆိုင်ကလုံး မုန်တိုင်းကြောင့် လူသုံးဦးသေဆုံးခဲ့ကြောင်း၊ တာဝန်ရှိသူများက ဧပြီ၅ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

မာဒါဂတ်စကာကျွန်း မြောက်ပိုင်းတွင် ဧပြီ ၄ ရက်က တိုက်ခတ်သော ဆိုင်ကလုံးမုန်တိုင်းသည် အိမ်များစွာ ပျက်စီးခဲ့ပြီး စိုက်ခင်းများလည်း ပျက်စီးခဲ့ရကြောင်း၊ ဒုက္ခသည်များကို ကူညီရန် ထောက်ပံ့ငွေကို မတည်ကောက်ခံခဲ့ရကြောင်း ဝန်ကြီးချုပ် ရာဟီမာနန်ဂျာရာက သတင်းထောက်များသို့ ပြောကြားသည်။

ပြောကြား

ဆမ်ဘာယာမြို့ ထက်ဝက်ခန့် ပျက်စီးဆုံးရှုံးသွားစေခဲ့ကြောင်း ဒေသတွင်း အရာရှိတစ်ဦးက ပြောကြားသည်။

အကူအညီ

လူ ၈၀ သေဆုံးစေခဲ့ပြီး ဒေသခံများကို အိမ်ခြေရာခြေမဲ့စေသည့် မတ် ၁၅ ရက် ဆိုင်ကလုံးမုန်တိုင်းကြောင့် မာဒါဂတ်စကာကျွန်းက လွန်ခဲ့သည့် သီတင်းပတ်အတွင်း ၎င်းတို့အတွက် အမေရိကန်ဒေါ်လာ ၂၄၂သန်း အကူအညီ တောင်းခံခဲ့ရသည်။

အမ်အင်န်အေ၊ရိုက်တာ

အိန္ဒိယသို့ ဘိလပ်မြေများ တင်ပို့လိုကြောင်း ပါကစ္စတန်ပြောကြား

နယူးဒေလီ ဧပြီ ၈

အိန္ဒိယနိုင်ငံသို့ ဘိလပ်မြေများ တင်ပို့ပေးလိုကြောင်း ပါကစ္စတန်အစိုးရက ဧပြီ ၂၅ရက်တွင် ပြောကြားလိုက်သည်။

နှစ်နိုင်ငံ တိုက်ရိုက်လေကြောင်း ပျံသန်းမှု တိုးတက်ရေးအတွက် သဘောတူညီမှုရရှိခဲ့သည့် အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့် ပါကစ္စတန်ဝန်ကြီးချုပ် ရှောကတ်အဇစ်တို့ တွေ့ဆုံဆွေးနွေးပွဲအတွင်းပါကစ္စတန်တို့ကဘိလပ်မြေများ အိန္ဒိယသို့ တင်ပို့လိုကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆွေးနွေး

နှစ်နိုင်ငံခေါင်းဆောင်များမိနစ် ၅၀ကြာ တွေ့ဆုံဆွေးနွေးပွဲအတွင်း ကုန်သွယ်ရေး၊ စွမ်းအင်နှင့်ဘဏ်လုပ်ငန်းများအပါအဝင် အပြန်အလှန် ဆက်ဆံရေး အဝန်းအဝိုင်း ချဲ့ထွင်နိုင်မှုများကို ဆွေးနွေးခဲ့ကြကြောင်း အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်း၏ အကြံပေးပုဂ္ဂိုလ် ဆန်ဂျာယာဘာရူက ပြောကြားသည်။

ထို့အပြင် အမေရိကန်ဒေါ်လာ ခုနစ်ဘီလီယံ ကုန်ကျမည့် အိန္ဒိယ-ပါကစ္စတန်နှင့် အီရန်သဘာဝဓာတ်ငွေ့ ပိုက်လိုင်းစီမံကိန်းအပေါ်တွင်လည်း ဆက်လက်ဆောင်ရွက်ကြရေး သဘောတူခဲ့ကြသည်။

သဘောတူ

သုံးနိုင်ငံသဘာဝဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်ရေး စီမံကိန်းမှာ အလွန်လျင်မြန်စွာ တိုးတက်မှုရှိနေပြီး ဆက်လက် တိုးမြှင့်လုပ်ဆောင်ရေး သဘောတူညီခဲ့ကြသည်ဟု ပါကစ္စတန်ဝန်ကြီးချုပ် အဇစ်က ပြောကြားသည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကျောက်အမျိုးအစား အများဆုံးပန်းခက်

ကျောက်အမျိုးအစား များစွာဖြင့် စီခြယ်ထားသော ပန်းခက်တစ်ခက်ကို တွေ့ရစဉ်။ (ယာပုံ)

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ကျင်းပသည့် ကျောက်မျက်ရတနာပြပွဲတစ်ခု၌ တန်ဖိုးကြီးမားသော ကျောက်အမျိုးအစားပေါင်း ၅၀၀ ဖြင့်စီခြယ်ပြုလုပ်ထားသော ရတနာပန်းခက်တစ်ခုကို ပြသထားရာ ကျောက်အရေအတွက် အများဆုံးနှင့် တန်ဖိုးအမြင့်မားဆုံး ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

ကမ္ဘာ့အကြီးဆုံး ပီဇာမုန့်

ကမ္ဘာပေါ်တွင် အကြီးဆုံး ပီဇာမုန့်တစ်ခုကို ပြသထားစဉ်။ (ဝဲပုံ)

အဆိုပါ ပီဇာမုန့်ကြီးကို အမေရိကန်နိုင်ငံ အနောက်အလယ်ပိုင်းရှိ အိုင်အိုဝါမြို့တွင် ပြုလုပ်ထားခြင်းဖြစ်သည်။ ၎င်း ပီဇာမုန့်ကြီးတွင် ဂျုံမှုန့် ၁၀ပေါင်၊ ဒိန်ခဲ ငါးပေါင်နှင့် အခြားပစ္စည်း ၄၈ အောင်စတို့ဖြင့် ပေါင်းစပ်ပြုလုပ်ထားခြင်းဖြစ်ရာ ကမ္ဘာပေါ်တွင် အကြီးဆုံး ပီဇာမုန့်ကြီးဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

ကမ္ဘာတစ်လွှား အားကစား

ကိုးကားတင်ပြသူ- မောင်မောင်မြင့်ဆွေ

စပါးအသင်းမှ တိုက်စစ်အကျော်အမော် ဘာဘာတော့ဗ်

လန်ဒန် ဧပြီ ၈

အင်္ဂလိပ်ပရီမီယာလိဂ်၌ ခြေစွမ်းပြနေသောတိုက်စစ်မှူးများတွင် တော့တင်ဟမ် ဟော့စပါးအသင်းမှ ဘူလ်ဂေးရီးယားတိုက်စစ်မှူး ဘာဘာတော့ဗ်လည်း အပါအဝင် ဖြစ်သည်။ တစ်ဖက်အသင်းနောက်တန်းကို အားမာန်အပြည့်ဖြင့် လျင်မြန်စွာ ထိုးဖောက်တိုက်စစ်ဆင်ဂိုးသွင်းတတ်သော ဘာဘာတော့ဗ်သည် လက်ရှိ ပရီမီယာ လိဂ်၌ အရည်အချင်းပြည့်ဝသော တိုက်စစ်မှူးကောင်းတစ်ဦးလည်း ဖြစ်သည်။

ဘာဘာတော့ဗ်ကို ဘူလ်ဂေးရီးယားနိုင်ငံ ဘလာဂိုဗ်ဂရက်မြို့၌ ၁၉၈၁ ခုနှစ် ဇန်နဝါရီ ၃၀ရက်၌ မွေးဖွားခဲ့ရာ ယခုအခါ အသက် ၂၆နှစ်အရွယ်ရှိပြီ ဖြစ်သည်။ အရပ်အမောင်းမှာလည်း ခြောက်ပေနှစ်လက်မရှိရာ စံချိန်မီ တိုက်စစ်မှူးများ၏ အရပ်ပင် ဖြစ်သည်။

ပါဝင်ကစားခဲ့သူ

ဘာဘာတော့ဗ်၏ သမိုင်းကြောင်းကို ကြည့်လျှင် အသက်၁၈နှစ် အရွယ်မှာပင်ဘူလ်ဂေးရီးယားဘောလုံးအသင်း၏ တိုက်စစ်မှူးဖြစ်လာခဲ့ပြီး ဘူလ်ဂေးရီးယားနှင့် ဂရိအသင်းတို့၏ပွဲ၌ ပထမဆုံး ပါဝင်ကစားခဲ့သူဖြစ်သည်။

ယခုအချိန်အထိ ဘူလ်ဂေးရီးယားအသင်းတွင် ပွဲပေါင်း ၅၀ခန့် ပါဝင်ကစားပေးခဲ့ပြီး ဂိုးပေါင်း ၃၁ဂိုးသွင်းယူပေးထားနိုင်ခဲ့သော ထူးထူးခြားခြား တိုက်စစ်မှူး တစ်ဦးလည်းဖြစ်သည်။ ဘာဘာတော့ဗ်၏ ဂိုးသွင်း စွမ်းရည်ကို သဘောကျခဲ့သဖြင့် ၂၀၀၁- ၂၀၀၂ ဘောလုံးရာသီတွင် ဂျာမနီ ဘွန်ဒက် လီဂါကလပ် ဘေယာလေဗာကူဆင်က စာချုပ် ချုပ်ဆိုခေါ်ယူခဲ့လေသည်။

ဘေယာလေဗာကူဆင်သို့ ရောက်ရှိလာသောအချိန်သည် ထိုနှစ် ဘောလုံးရာသီ ထက်ဝက်ကျော်ရှိနေပြီဖြစ်ရာ ဘေယာလေဗာကူဆင်အတွက်ဘာဘာတော့ဗ်ကချန်ပီယံ လိဂ်သုံးပွဲကစားပေးခဲ့ပြီး နှစ်ဂိုးသွင်းယူနိုင်ခဲ့သည်။

ထို့အပြင် ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ် ရှစ်ပွဲကစားပေးခဲ့ပြီး ခုနစ်ဂိုးသွင်းယူ ပေးနိုင်ခဲ့ရာ ထိုနှစ်က ဘေယာလေဗာ ကူဆင်အသင်း ဘွန်ဒက်စ်လီဂါ၌ ဒုတိယရရှိခဲ့သည်။ ဘာဘာတော့ဗ်လည်း ရောက်စနှစ်မှာပင် ၁၁ပွဲ ကစားပြီး ကိုးဂိုးသွင်းယူပေးနိုင်ခဲ့သည်။

၂၀၀၂-၂၀၀၃ ရာသီတွင်ဒဏ်ရာများရရှိခဲ့သဖြင့် ပွဲတိုင်းမကစားနိုင်ခဲ့ရာ ထိုနှစ်က ဘေယာလေဗာကူဆင်အတွက် တစ် ရာသီလုံးတွင်ခြောက်ဂိုးသာသွင်းယူပေး နိုင်ခဲ့လေသည်။ ထို့ကြောင့် ၂၀၀၂-၂၀၀၃ဘောလုံးရာသီ၌ ဘေယာလေဗာ ကူဆင်တို့ ဘွန်ဒက်စ်လီဂါ၌ အဆင့် ၁၅အထိ ကျဆင်းခဲ့သည်။

၂၀၀၃-၂၀၀၄ ဘောလုံးရာသီတွင်မူ ဘာဘာတော့ဗ် ဒဏ်ရာများ သက်သာပျောက်ကင်းခဲ့ပြီး ကြံ့ခိုင်မှုလည်း ပြန်လည် ပြည့်ဝလာခဲ့သဖြင့် ဘေယာလေဗာကူဆင်အတွက် ဘွန်ဒက်စ်လီဂါ ပွဲစဉ် ၂၄ပွဲ ကစားပေးနိုင်ခဲ့ပြီး ၁၆ဂိုးသွင်း ယူပေးနိုင်ခဲ့သဖြင့် ထိုနှစ်တွင် ဘွန်ဒက်စ်လီဂါ၌ဘေယာလေဗာကူဆင်တို့ တတိယ ချိတ်နိုင်ခဲ့သည်။

သွင်းယူပေးနိုင်

ထို့အတူ ယူရို ၂၀၀၄ ခြေစစ်ပွဲအဖြစ် ဘူလ်ဂေးရီးယားအသင်းအတွက် ငါးပွဲကစားပေးခဲ့ရာ ငါးဂိုးသွင်းယူနိုင်ခဲ့သည်။ ၂၀၀၄-၂၀၀၅ ဘောလုံးရာသီတွင် ဘေယာလေဗာကူဆင် အတွက် ဘွန်ဒက်စ်လီဂါပွဲပေါင်း ၃၂ ပွဲ ကစားပေးခဲ့ရာ ဂိုးပေါင်း ၂၀ အထိ သွင်းယူပေးနိုင်ခဲ့သလို ချန်ပီယံလိဂ်ပွဲ ငါးပွဲကစားခဲ့ရာတွင်လည်း ဘေယာလေဗာကူဆင်အတွက် ငါးဂိုးသွင်းယူ ပေးနိုင်ခဲ့သည်။

ဘာဘာတော့ဗ်

စပါးအသင်းအတွက် ဂိုးများ ဆက်တိုက်သွင်း ပေးနေသော တိုက်စစ်မှူး ဘာဘာတော့ဗ်၏ ကစားဟန်။

(ဓာတ်ပုံ-အင်တာနက်)

ထိုနှစ်က မိခင်ဘူလ်ဂေးရီးယားအသင်း အတွက်လည်း နိုင်ငံတကာ ချစ်ကြည်ရေးပွဲပေါင်း သုံးပွဲကစားပေးခဲ့ပြီး လေးဂိုးသွင်းယူပေးနိုင်ခဲ့ရာ တစ်နှစ်လုံးအတွက် ၄၈ပွဲကစားခဲ့ရာ၂၉ဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ပျော်မွေ့ခဲ့

ဘွန်ဒက်စ်လီဂါတွင် ခြေစွမ်းပြဂိုးသွင်းနေသော ဘာဘာတော့ဗ်အား ဥရောပထိပ်တန်းကလပ်များက ပြောင်းရွှေ့ကြေး စံချိန်တင်ပေး၍ ခေါ်ယူခဲ့သော်လည်း ဘေယာလေဗာကူဆင်၌သာ ပျော်မွေ့ခဲ့သည်။

၂၀၀၅-၂၀၀၆ ဘောလုံးရာသီတွင်လည်း ဘေယာလေဗာကူဆင်အတွက် ဘွန်ဒက်စ်လီဂါပွဲစဉ်၃၄ပွဲကစားပေးခဲ့ပြီး ၂၁ဂိုး သွင်းယူ ပေးနိုင်ခဲ့ပြန်သည်။

ထို့နောက် ၂၀၀၆-၂၀၀၇ ဘောလုံးရာသီတွင် အင်္ဂလိပ် ပရီမီယာလိဂ်ဘောလုံးအသင်းဖြစ်သည့် စပါးအသင်းက ပြောင်းရွှေ့ကြေးပေါင်၁၀ဒသမ၉ သန်းပေး၍ခေါ်ယူလိုက်သဖြင့်ပရီမီယာလိဂ်သို့ ဘာဘာတော့ဗ်ခြေချခွင့်ရရှိခဲ့သည်။ ဘာဘာတော့ဗ်၏ ပြောင်းရွှေ့ကြေးမှာ ဘူလ်ဂေးရီးယား ဘောလုံးသမားများတွင် အမြင့်ဆုံးပင်ဖြစ်သည်။

အနိုင်ရရှိခဲ့

စပါးအသင်းအတွက် ပထမဆုံးဂိုးကို ရှက်ဖ်ဖီးယူနိုက်တက်နှင့် ၂၀၀၆ ခုနှစ် ဩဂုတ်၂၂ရက်က ကစားခဲ့သောပွဲ၌စတင်သွင်းယူပေးခဲ့သည်။ တစ်ပွဲတည်း နှစ်ဂိုးသွင်းယူ ခဲ့သောပွဲမှာ ချာလ်တန်နှင့် ပွဲဖြစ်ပြီး ထိုပွဲ၌စပါးတို့ ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယခု အချိန်အထိ စပါးအသင်းအတွက် ဘာဘာတော့ဗ် ရှစ်ဂိုးသွင်းယူပေးထားခဲ့ပြီးဖြစ်ရာ စပါး၌ ဒီဖိုးနှင့် အပြိုင်ဂိုးအများဆုံးသွင်းထားသူ တစ်ဦးဖြစ်နေသည်။ ဘာဘာတော့ဗ်၏ တိုက်စစ်စွမ်းရည်နှင့်ဂိုးသွင်းကောင်းမွန်မှုကို မန်ယူနည်းပြ ဖာဂူဆန်က သဘောကျလျက်ရှိရာ လာမည့်နွေရာသီ အပြောင်းအရွှေ့ကာလ၌ ရအောင်ခေါ်ယူမည်ဟု ပြောကြားလျက်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

(ကိုးကား-အင်တာနက်)

အင်တာနက် အားကစားသတင်း အတိုအထွာ

* ရီးရဲမက်ဒရစ် ကွင်းလယ်ကစားသမား ဒေးဗစ်ဘက်ခမ်းသည် ဒူးဒဏ်ရာသက်သာပြီး လေ့ကျင့်ရေးကွင်းသို့ ပြန်ဆင်းခဲ့ပြီဖြစ်သော်လည်း ပြိုင်ပွဲတွင်ပါဝင်ကစားနိုင်သည့် အခြေအနေမရှိသေးကြောင်း ၎င်းကလပ်က ပြောကြားသည်။

* **မကြာမီက ရောမနှင့် ဆီဗီလာတို့၌ ဘောလုံးအဓိကရုဏ်းများဖြစ်ပွားခဲ့မှုကြောင့် ယူအီးအက်ဖ်အေက အထူးရဲတပ်ဖွဲ့ဝင်များ ဖွဲ့စည်းထူထောင်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။**

* ချာလ်တန်အသင်းသည် မန်စီးတီးအသင်းကို ဂိုးမရှိသရေ ကစားပြီး ယမန်နှစ် စက်တင်ဘာလ နောက်ပိုင်း ပထမဆုံး တန်းဆင်းဇုန်မှ လွတ်မြောက်လာသည်။

* **နယူးကာဆယ်တိုက်စစ်မှူး မိုက်ကယ်အိုဝင်သည် ဒူးခေါင်းခွဲစိတ်ထားရာမှ ပြန်လည်ကောင်းမွန်လာပြီဖြစ်သဖြင့် လေ့ကျင့်ရေးကွင်း၌ လေ့ကျင့်နေပြီဖြစ်ကြောင်း သိရသည်။**

* ပရီမီယာလိဂ်ပွဲစဉ် (၃၂) အဖြစ် ဝက်စ်ဟမ်းက အာဆင်နယ်၏ အိမ်ကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရလိုက်သဖြင့် အာဆင်နယ် အသင်းမှာ ပထမဆုံးသော အီးမရိတ်ကွင်း၌ ရှုံးနိမ့်မှုနှင့် ရင်ဆိုင်လိုက်ရသည်။

* **အဲလ်ဗာတန်အသင်းသည် ပွဲစဉ်(၃၂)တွင် ဖူလ်ဟမ်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့ရာ ရာသီတစ်လျှောက် ဂိုးအများဆုံးသွင်းယူနိုင်ခဲ့သည့် ပွဲဖြစ်ကြောင်း သိရသည်။**

* ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်၏ မစ်ဒယ်ဝိတ်ချန်ပီယံ ဂျို့ကယ်ဇာတ်ဟေသည် ဧပြီ ၇ ရက်က ကာဒစ်မြို့တွင် စိန်ခေါ်သူ ဂျာမိန်းတေလာနှင့် ယှဉ်ပြိုင် ထိုးသတ်ရာ တတိယအချီတွင်အလဲထိုးအနိုင်ရရှိပြီး ၎င်း၏ ချန်ပီယံကို ကာကွယ်နိုင်ခဲ့သည်။

* **ရုရှားနိုင်ငံ မော်စကိုမြို့တွင် ဧပြီ ၇ရက်က ကျင်းပသော ဒေးဗစ်ဖလားတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ် အမျိုးသားနှစ်ယောက်တွဲပွဲစဉ်၌ ရုရှားက ပြင်သစ်ကို ၃-၆၊ ၇-၅၊ ၆-၃၊ ၃-၆၊ ၆-၃ ဖြင့် အနိုင်ရရှိသွားသည်။**

* မဲလ်ဘုန်းမြို့တွင် ကျင်းပသည့် ကမ္ဘာ့ရေကူးပြိုင်ပွဲ အမျိုးသမီးမီတာ ၅၀ အလွတ်ရေကူးပြိုင်ပွဲ၌ ဆွီဒင်မှ သရီစီအယ်ရှမာက ၂၅ဒသမ ၉၁ စက္ကန့်ဖြင့် ကမ္ဘာ့စံချိန်တင်နိုင်ခဲ့သည်ဟု ကမ္ဘာ့ရေကူးအဖွဲ့ချုပ်က သတင်းထုတ်ပြန်သည်။ **(အင်တာနက်)**

ဂျာမန် ဘွန်ဒက်စ်လီဂါပွဲစဉ်များ ယှဉ်ပြိုင် ရှော်လ်ကေးတို့ ထိပ်ဆုံးမှ ဆက်လက်ဦးဆောင်

မြူးနစ် ဧပြီ ၈

ဂျာမန် ဘွန်ဒက်စ်လီဂါ ပွဲစဉ် (၂၈)ပြိုင်ပွဲများကို ဧပြီ ၇ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ ချန်ပီယံဘိုင်ယန်မြူးနစ်တို့ ဟန်နိုဗာ၏ အိမ်ကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်ချိန်အမှတ်ပေးဇယားတွင် ထိပ်ဆုံးမှ ဦးဆောင်နေသော ရှော်လ်ကေးအသင်းသည် ဂလာဘက် အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရလိုက်သည်။

ဟန်နိုဗာအသင်းသည် အိမ်ကွင်း၌ ရှုံးနိမ့်ခဲ့ရသော်လည်း ပထမပိုင်းတွင် ဘာရပ်နစ်၏ ဂိုးဖြင့် ဘိုင်ယန်မြူးနစ် အသင်းကို ဦးဆောင်နိုင်ခဲ့သည်။

ချေပဂိုးသွင်း

သို့သော်လည်း ဘိုင်ယန်မြူးနစ်တို့ ဒုတိယပိုင်းတွင် အချိတ်အဆက်မိမိဖြင့် ပြန်လည် ထိုးဖောက်ကစားခဲ့ရာ ပွဲချိန် ၅၃မိနစ်တွင် ဒီဗစ်ချယ်လစ်က ဘိုင်ယန်မြူးနစ် အသင်းအတွက် ချေပဂိုး သွင်းယူနိုင်ခဲ့ သည်။

ယင်းနောက် ဘိုင်ယန်မြူးနစ်တို့ ခြေမှန်ရလာပြီး ဟန်နိုဗာနောက်တန်းကို ခြိမ်းခြောက်ကစားရာမှ ပွဲချိန် ၇၁မိနစ်တွင် ရှဝိန်စတိန်ဂါက အနိုင်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ယင်းပွဲတွင် ဘိုင်ယန်တို့အနိုင်ရလိုက်၍ ဖလားကာကွယ်ရေးအတွက် ရမှတ်သုံးမှတ်ကို ပိုင်ဆိုင်နိုင်ခဲ့သည်။ သို့ သော်လည်း အမှတ်ပေးဇယား ထိပ်ဆုံးတွင် ရှော်လ်ကေးအသင်းက ဂလာဘတ်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရလိုက်ပြန်သဖြင့် ရမှတ်ကွာဟချက်ကို ကျဉ်းမြောင်းသွားအောင် မလုပ်နိုင်ခဲ့ပေ။

ဘိုင်ယန်မြူးနစ်၏အနိုင်ဂိုးကို ရှဝိန်းစတိန်ဂါ (ဝဲ)**က ဤသို့ ကန်သွင်းယူခဲ့သည်။** (ဓာတ်ပုံ-အင်တာနက်)

အဆိုပါ ပြိုင်ပွဲများအပြီး ရှော်လ်ကေးအသင်းသည် ရမှတ် ၅၆မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။ ဘိုင်ယန်မြူးနစ်အသင်းမှာ စတုတ္ထနေရာမှ ရမှတ် ၅၁မှတ်ဖြင့် ရပ်တည်လျက်ရှိသည်။

ထိုနေ့က အမှတ်ပေးဇယား ဒုတိယနေရာတွင်ရှိနေသည့် စတုဂတ် အသင်းသည်လည်း ဟမ်းဘတ်အသင်းကို အဝေးကွင်း၌ လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရလိုက်၍ ရမှတ်၅၂ မှတ်အထိရရှိလာသည်။

အခြားပွဲရလဒ်များ

အာချန်	၁ - ၄	**ဒေါ့မွန်**	**ဟာသာဘာလင်**	၁ - ၁	**ဘီလီဖီးလ်**
ဖရန့်ဖတ်	၁ - ၃	**ကော့ဘတ်**	ဝုဘတ်	၃ - ၂	**မိန့်ဇ်**

(အင်တာနက်)

စုစည်းတင်ပြသူ
မြင့်မောင်စိုး

အီတလီ စီးရီးအေပွဲစဉ်(၃၁) အင်တာမီလန်တို့ သရေပွဲကြို

ရောမ ဧပြီ ၈

အီတလီစီးရီးအေပွဲစဉ်(၃၁) ဘောလုံးပြိုင်ပွဲများကို ဧပြီ ၇ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ အမှတ်ပေးဇယားတွင် ဦးဆောင်နေသော အင်တာမီလန်တို့ တန်းဆင်းဇုန်မဆင်းရရေး ကြိုးစားနေသည့် ရက်ဂျီးနားအသင်း၏ ခုခံပိတ်ဆို့ကစားမှုကြောင့် ဂိုးမရှိသရေပွဲနှင့် ကြုံခဲ့ရသည်။

ဦးဆောင်နေဆဲ

သို့သော်လည်း အင်တာမီလန် အသင်းသည် အမှတ်ပေးဇယားတွင် ရမှတ် ၈၀ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေဆဲဖြစ်သည်။

အနိုင်ကစား

အမှတ်ပေးဇယား ဒုတိယနေရာ၌ရှိနေသည့် ရိုးမားအသင်းသည် ကာတန်နီယာအသင်းကို အဝေးကွင်း၌ နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ကစားပြီး ရမှတ်သုံးမှတ် ရယူနိုင်ခဲ့သည်။

ရိုးမားအသင်းအတွက် အနိုင်ဂိုးများကို ကာဗာနီနှင့် ဗူစီနစ်တို့က သွင်းယူပေးခဲ့ခြင်း ဖြစ်သည်။

ရိုးမားအသင်းသည် ယင်းပွဲအနိုင်ရလိုက်သဖြင့် ရမှတ် ၆၂မှတ် ရရှိခဲ့သည်။

အင်တာမီလန်အသင်းမှ လူးဝစ်ဖီဂို (ယာ)**၏ ထိုးဖောက်ယှဉ်ပြိုင်ကစားမှုကို ဤသို့ တွေ့ရသည်။**
(ဓာတ်ပုံ-အင်တာနက်)

အခြားပွဲရလဒ်များ

အတ္တလန္တာ	၁ - ၀	**ချီယေဗို**
လာဇီယို	၁ - ၀	**မက်ဆီနာ**
ပါးမား	၁ - ၀	**လီဗော်နို**
ဆီနာ	၂ - ၂	**အူဒီးနိစ်**
ဖီအိုရင်တီးနား	၄ - ၀	**အက်စ်ကိုလီ**
ပါလာမို	၁ - ၃	**ကာဂလီယာရီ**
ဆမ်ဒိုးရီးယား	၁ - ၀	**တိုရီနို။**

(အင်တာနက်)

Sky Lion Trading Co., Ltd.

BannerStore Super Market အတွက် **Supplier** များခေါ်ယူခြင်း

Sky Lion Trading Co., Ltd. မှ မကြာခင် ဖွင့်လှစ်မည့် **BannerStore Super Market** သည် သမားရိုးကျမဟုတ်သဲ့ မြန်မာနိုင်ငံတွင် ပထမဦးဆုံး ဖွင့်လှစ်မည့် ထူးခြားသော **Super Market** ဖြစ်ပါသည်။ ဝယ်ယူသူများအတွက် စိတ်ဝင်စားဖွယ် ထူးခြားသော အစီအစဉ်များရှိပါသည်။ နိုင်ငံတကာ၌ အရည်အသွေးမြင့် ကုန်ပစ္စည်းမျိုးစုံကိုလည်း တင်သွင်းရောင်းချမည်ဖြစ်ပြီး ဝယ်ယူသူများအတွက် လိုအပ်ချက်များ အားလုံးကို တစ်နေရာတည်းတွင် ချိုသာသော ဈေးနှုန်းဖြင့် စိတ်ကြိုက်ရွေးချယ် ဝယ်ယူရရှိနိုင်ပါသည်။ လာရောက် ဝယ်ယူသော စားသုံးသူများအတွက် ဝယ်ယူသုံးစွဲလေလေ ဈေးနှုန်းပိုမိုသက်သာစေမည့် အခွင့်အလမ်းများရှိပါသည်။ **Sky Lion Trading Co., Ltd.** ၏ အဖွဲ့ဝင်ကိုယ်စားလှယ်များအတွက် မိတ်ဆွေများကိုရရှိပြီး မိမိ၏ကွန်ရက်ကို ကြီးမားအောင် အထောက်အကူပြုမည့် အခွင့်အလမ်းကောင်းများရှိပါသည်။

အဆိုပါ **Super Market** တွင် အောက်ဖော်ပြပါ ကုန်ပစ္စည်းများ ဝယ်ယူရောင်းချလိုပါ၍ တင်သွင်းရောင်းချသည့် ကုမ္ပဏီများ ပိုင်ရှင်များအနေဖြင့် ဆက်သွယ်ဆောင်ရွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ ဆက်သွယ်နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၁။	စားသောက်ကုန်ပစ္စည်းများ	၂။	လူသုံးကုန်ပစ္စည်းများ
၃။	မီးဖိုချောင်သုံးပစ္စည်းများ	၄။	အိမ်သုံးပစ္စည်းများ
၅။	အလှကုန်ပစ္စည်းများ	၆။	ကလေးအသုံးအဆောင်ပစ္စည်းများ
၇။	စာရေးကိရိယာမျိုးစုံ	၈။	လျှပ်စစ်ပစ္စည်းများ
၉။	ဖန်စီပစ္စည်းများ	၁၀။	အားကစားပစ္စည်းများ
၁၁။	ကျန်းမာရေးစာအုပ်စာတမ်း	၁၂။	ဓာတ်ပုံဆိုင်
၁၃။	မိတ္တူဆိုင်	၁၄။	ရွှေဆိုင်

ဆက်သွယ်ရန် → ဒေါ်မိုးသီတာအောင်
Sky Lion Trading Co., Ltd. အမှတ် (၅၂၀-၁၈) ၄-လွှာ ကျွန်းတောအဘုရားလမ်း [illegible] ရန်ကုန်မြို့။
ဖုန်း- [illegible] ဖက်စ်- [illegible]

* ကျောဖုံးမှ

ဘေးထွက်သွား

ပယ်နယ်တီကန်သွင်း၍ အဆုံးအဖြတ်ယူရာတွင် စီးပွား/ကူးသန်းအသင်းမှ မျိုးဇော်ထွန်း၊ ဇော်လင်းထွန်း၊ အောင်မျိုးသန့်၊ မင်းကိုကိုနှင့် ဟိန်းဇာထွန်းတို့ ဂိုးဝင်အောင်ကန်သွင်းနိုင်ပြီး မင်းသူကန်ချက်မှာ ဂိုးတိုင်ထိပြီး ဘေးထွက်သွားသည်။ စွမ်းအင်အသင်းမှ ကျော်ခိုင်ဝင်း၊ ဇော်ထက်အောင်၊ အောင်ကျော်မိုးနှင့် နိုင်ဝင်းတို့ ဂိုးဝင်အောင်ကန်သွင်းနိုင်ပြီး ဝေယံမောင်နှင့် အောင်ကျော်မျိုးတို့ ကန်ချက်မှာ ဂိုးတိုင်ဘေးမှ ထွက်သွားသည်။

ပယ်နယ်တီခြောက်လုံးအထိ ကန်သွင်း၍ အဆုံးအဖြတ် ယူခဲ့ရသည်။ စီးပွား/ကူးသန်းအသင်းက ငါးဂိုးဝင်ပြီး စွမ်းအင်အသင်းက လေးဂိုးသာဝင်သဖြင့် စီးပွား/ကူးသန်း အသင်းက ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရရှိသွားခြင်းဖြစ်သည်။

ဆုပေးပွဲ

ဗိုလ်လုပွဲအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ပြိုင်ပွဲကျင်းပရေးတာဝန်ခံ ဦးတင်အောင်(ဂိုး)က အမှတ်ပေးပြိုင်ပွဲတွင် ပဥ္စမရရှိသော ပြည်ထဲရေးအသင်းအား ငွေကျပ်ငါးသိန်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးတင်အောင်က စတုတ္ထရရှိသော မြို့တော်စည်ပင်အသင်းအား ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဘဏ္ဍာရေးမှူး ဦးသန်းဇော်က တတိယရရှိသော စီးပွား/ကူးသန်းအသင်းအား ငွေကျပ်သိန်း ၂၀ကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အမှတ်ပေးပြိုင်ပွဲ၌ ဒုတိယရရှိသော ကမ္ဘောဇအသင်းအား ငွေကျပ်သိန်း ၃၀ ကိုလည်းကောင်း၊ ကွင်းပိတ်(ရှုံးထွက်)ပြိုင်ပွဲ၌ ဒုတိယရရှိသော စွမ်းအင်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေကျပ်သိန်း ၂၀ ကို လည်းကောင်း၊ ပထမရရှိသော စီးပွား/ကူးသန်းအသင်းအားတစ်ဦးချင်း ဆုတံဆိပ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ရွှေဘောလုံးဆု

ဆက်လက်၍အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ၂၀၀၆-၂၀၀၇ ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း ပြိုင်ပွဲများတွင် ဒုတိယ ဂိုးအများဆုံးသွင်းယူနိုင်သော စိုးမြတ်မင်း(ဘဏ္ဍာ/အခွန်)အား ငွေဖိနပ်ဆုနှင့် ငွေကျပ်သုံးသိန်းကိုလည်းကောင်း၊ ဂိုးအများဆုံးသွင်းယူနိုင်ခဲ့သော အောင်ကျော်မျိုး(စွမ်းအင်)အား ရွှေဖိနပ်ဆုနှင့် ငွေကျပ်ငါးသိန်းကိုလည်းကောင်း၊ ၂၀၀၆-၂၀၀၇ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း ဘောလုံးပြိုင်ပွဲ ဒုတိယအကောင်းဆုံး ဘောလုံးသမားဆုရရှိသော စိုးမြတ်မင်း(ဘဏ္ဍာ/အခွန်)အား ငွေဘောလုံးဆုနှင့်ငွေကျပ်သုံးသိန်းကိုလည်းကောင်း၊ အကောင်းဆုံး ဘောလုံးသမားဆု ရရှိသော မိုးဝင်း (စီးပွား/ကူးသန်း)အား ရွှေဘောလုံးဆုနှင့် ငွေကျပ်ငါးသိန်းကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

တံခွန်စိုက်ဒိုင်း

ထို့နောက် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမှတ်ပေးပြိုင်ပွဲ၌ ပထမရရှိသော ဘဏ္ဍာ/အခွန် အသင်းအား တံခွန်စိုက်ဆုဖလားနှင့် ငွေကျပ်သိန်း ၅၀ ကို လည်းကောင်း၊ ကွင်းပိတ်(ရှုံးထွက်) ပြိုင်ပွဲ၌ ပထမရရှိသော စီးပွား/ကူးသန်း အသင်းအား တံခွန်စိုက်ဒိုင်းဆု၊ ဆင့်ပွားဒိုင်းဆုနှင့် ငွေကျပ် သိန်း ၃၀ ပေးအပ်ချီးမြှင့်သည်။

(မြန်မာ့အလင်း)

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်

ရန်ကုန် ဧပြီ ၈

မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မြင့်စိုးနှင့် အဖွဲ့ဝင်များသည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သည့် ယနေ့ နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက ရန်ကုန်မြို့၏ အချက်အချာကျသောနေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲခြင်း စစ်ဆေးနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပ်မတ်ကြသည်။

ကြည့်ရှုစစ်ဆေး

မော်တော်ယာဉ်မသုံးရနေ့ စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇ နာရီမှ ညနေ၅နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသော နေရာများ၌ မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာ တပ်၊ ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့်လက်မှတ်(Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်(ဗီးတက်)နှင့်ဌာနဆိုင်ရာ ဝတ်စုံများ ဝတ်ဆင်ခြင်းတို့ကို လိုက်နာ ဆောင်ရွက်ခြင်းရှိ-မရှိနှင့် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းချိုးဖောက်မှုများကိုပါ ကြည့်ရှုစစ်ဆေးကြသည်။

(သတင်းစဉ်)

ပန်းတစ်ပွင့်တောင်ဆရာတော် ပြည်ပမှပြန်လည်ကြွရောက်

ရန်ကုန် ဧပြီ ၈

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင်တောရသာသနာ့နယ်မြေ ပဓာနနာယကချုပ် ပန်းတစ်ပွင့်တောင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကျောင်းအုပ် သဒ္ဒမ္မဇောတိကဓဇဘွဲ့ခံ ပညာသာရသည် အင်ဒိုနီးရှားသမ္မတနိုင်ငံတွင် ကျင်းပသည့် ရွှေတိဂုံပုံတူ စေတီတော်အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ စင်ကာပူ သမ္မတနိုင်ငံနှင့် မလေးရှားနိုင်ငံတို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူ၍ ဧပြီ ၆ရက်နံနက်ပိုင်းက ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့်ပြန်လည်ကြွရောက်လာကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အပူချိန်

၈-၄-၂၀၀၇

နေပြည်တော်	၄၀	ဒီဂရီစင်တီဂရိတ်
ဗန်းမော်၊ မင်းတပ်	၃၃	ဒီဂရီစင်တီဂရိတ်
ကျိုင်းတုံ၊ ကော့သောင်း	၃၄	ဒီဂရီစင်တီဂရိတ်
ရေး	၃၈	ဒီဂရီစင်တီဂရိတ်
ကလေးဝ	၃၉	ဒီဂရီစင်တီဂရိတ်
ရန်ကုန်(ကမ္ဘာအေး)	၃၉	ဒီဂရီစင်တီဂရိတ်
ရွှေဘို၊ ဟသ်ာတ၊ ဘားအံ	၄၀	ဒီဂရီစင်တီဂရိတ်
ညောင်ဦး၊ သာယာဝတီ	၄၂	ဒီဂရီစင်တီဂရိတ်
မင်းဘူး	၄၄	ဒီဂရီစင်တီဂရိတ်

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

ကြက်ငှက်တုပ်ကွေးရောဂါ လူကိုလူချင်းကူးသည့်အဆင့် မရောက်သေးဟုဆို

လန်ဒန် ဧပြီ ၈

တုပ်ကွေးဗိုင်းရပ်စ်ပိုးဗီဇသစ်က ဆေးဝါးများခံနိုင်စွမ်းကို ပြသလျက်ရှိသည့်အတွက် တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့ကူးစက်မှုကို နှေးကွေးအောင် အထောက်အကူဖြစ်စေမည်ဟု ကျွမ်းကျင်သူများက မျှော်လင့်သည်။

တွေ့ရှိ

တာမီဖလူဆေးမှာ တုပ်ကွေး ပျံ့နှံ့မှုမဖြစ်အောင် ဟန့်တားနိုင်သည့် လောလောဆယ်ဝယ်ယူရရှိနိုင်သော အကောင်းဆုံးဆေးဖြစ်သဖြင့် ဗြိတိန်အပါအဝင် နိုင်ငံတကာအစိုးရများက သိုလှောင် သိမ်းဆည်းထားကြသည်။ သို့သော် တာမီဖလူသာမက၊ ဒုတိယဆေးဖြစ်သည့် ရီကင်ဇာကပါ ခံနိုင်ရည်ကိုပြသကြောင်း ဂျပန်သုတေသီများက တွေ့ရှိထားသည်။

သေစေနိုင်

တုပ်ကွေးရောဂါ ပျံ့နှံ့မှုဖြစ်ပေါ်ပါက ကမ္ဘာတစ်ဝန်း အသက်ပေါင်းများစွာ သေစေနိုင်သည်။ ၂၀၀၃ခုနှစ်ကစ၍ လူ ၁၇၀သေစေသည့် ကြက်ငှက်တုပ်ကွေးမှာ ထိုအထိမဆိုးသေး၊ လူကိုလူချင်းကူးသည့်အဆင့်သို့ မရောက်သေးဟု သိရသည်။

(ကိုးကား-အင်တာနက်)

မွေးနေ့မင်္ဂလာဆုတောင်း

သားငယ် **စည်သူကိုကို** ရဲ့ ငါးနှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ဘက်စုံထူးချွန်ထက်မြက်သော၊ မိဘကျေးဇူး၊ တိုင်းပြည်ကျေးဇူး အထူးသိတတ်သော သားကောင်းရတနာလေးဖြစ်ပါစေ။

ဘွားဘွား – ဒေါ်မြစိန်
ဖေဖေ၊ မေမေ
အစ်ကိုကြီး – ကိုရဲမင်းကိုကို
အစ်ကိုလတ် – ဗိုလ်သီဟကိုကို
မမ – စောသီရိကိုကို (ချောချော)။

မွေးနေ့ဆုမွန်လွှာ

ချစ်သားငယ် **စည်သူကိုကို** ရဲ့ ၉–၄–၂၀၀၇ရက်မှာ ကျရောက်တဲ့ ငါးနှစ်ပြည့်မွေးနေ့မှတိုင် ချစ်တဲ့သူအားလုံးရဲ့ မေတ္တာအရိပ်အောက်မှာ ပျော်ရွှင်ချမ်းမြေ့စွာနေထိုင်ပြီး အောင်မြင်မှုများစွာကို အလွယ်တကူ ဆွတ်ခူးနိုင်တဲ့ သားကောင်းရတနာလေးဖြစ်ပါစေ။

ဘဘကြီး၊ ကြီးကြီး၊ ဦးဦး၊ ကိုကို၊
အစ်မများ
လားရှိုးမြို့။

မွေးနေ့ဆုတောင်း

အားလုံးက ချစ်ကြရတဲ့သားငယ် **စည်သူကိုကို** ရဲ့ ငါးနှစ်ပြည့် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ပြည့်စုံပြီး လိုတရာဘဝကို ပိုင်ဆိုင်နိုင်ပါစေ။

ဦးမျိုးချစ်–အန်တီဟွမ်
မိသားစု
ရမခ၊ လားရှိုး။

နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာတောင်းဆုမွန်

ကျေးဇူးရှင် ဖေဖေ **ဦးမောင်မောင်စိုးတင့်** နှင့် မေမေ **ဒေါ်ခင်ကြည်** တို့၏ ၂၀၀၇ခုနှစ် ဧပြီ ၁၀ရက်၌ ပြည့်မြောက်သည့် ရွှေရတုမင်္ဂလာမှသည် နှစ်များစွာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် လောကီလောကုတ္တရာ နှစ်ဖြာအကျိုးငှာ ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်စေကြောင်း ဆုမွန်တောင်းအပ်ပါသည်။

သား – ကိုမြတ်ဘုန်း၊ သမီးကြီး–မယုယုစိုး၊ သမီးငယ်–မမို့မို့စိုး
မြေးများ – မာမာဝင်း၊ မောင်မျိုး၊ ချစ်မျိုးအောင်၊ နန်းစံခမ်း၊ အိုက်လှ၊ အငယ်လေး၊ ခမ်းတူး။

Golden Star
April 12
90000/-
95000/-
140000/-
Ph : 544383, 09-5172634, 09-5133640
Golden Star

ဦးရာလူရမည်

DYNA(10'')	နှစ်စီး	၃က/––––––
		၆က/––––––
JEIFANG(14'')	နှစ်စီး	၇က/––––––
		၇က/––––––

လိုင်စင်အသစ်၊ အခွန်ကျေ၊ ပွဲစားမလိုပါ။
ဆက်သွယ်ရန် – ဖုန်း–၂၅၃၂၈၉၊ ၃၈၈၆၅၆၊ ၃၈၇၄၆၃။

မြေကွက်အမြန်ရောင်းမည်

လှိုင်သာယာမြို့နယ်
FMI City
FINGERLAKE
80' x 100' မြေကွက်၊ ညှိနိုင်းဈေး
ဆက်သွယ်ရန် ဖုန်း–၀၉–၅၁၅၄၀၄၀။

7 DAY SPORTS Journal
ထွက်ပြီ
Tel: 01-243 542
09-51-73255

KMD i-Office
(Duration 80 Hours)

ကွမ်းရွက်ပုံ

YANKIN CENTRE SHOPPING MALL
& TMW Enterprise Limited တို့ ပူးပေါင်းစီစဉ်သော
မဟာသင်္ကြန်အကြိုဈေးရောင်းပွဲတော်
Digital Camera, LCD TV... များ၊ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊
FASHION, FANCY, STYLE (မဟာသင်္ကြန်)အသုံးအဆောင်ပစ္စည်းများကို
(5 - 4 - 2007 မှ 12 - 4 - 2007 အထိ)
5% - 50% လျှော့ဈေး၊ လက်ဆောင်ပစ္စည်း၊ အထူးအစီအစဉ်များဖြင့် ရောင်းချပေးနေပါပြီ။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ဝင်းမင်းထွန်း၏ နိုင်ငံကူးလက်မှတ် အမှတ်–၃၉၅၅၂၅ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ **ဖုန်း–၅၈၄၅၂၂။**

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သား မောင်စန်းအောင်(ခ)အီဘရာဟင် ၁၀/မလမ(နိုင်)၁၄၉၆၃၁သည် မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေ၍ ယနေ့မှစပြီး သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

ဖခင်–ဦးအောင်မြင့် TTN–၁၁၂၂၃၂၊
မိခင်–ဒေါ်စန်းမြင့်(ခ)ဒေါ်ဗီယား AG–၂၆၈၅၃၀
အမှတ်–၂၂(အေ)၊ယုဇနလမ်း၊ ကွင်းရပ်ရပ်ကွက်၊ မော်လမြိုင်မြို့။

MYANMAR IVANHOE COPPER COMPANY LIMITED
(TENDER NOTICE)

TENDER, IFB No. TRA07 (TRANSPORT SERVICES)
Supply of transport services for the transport of copper cathode, general cargoes, sulphuric acid and other hazardous chemicals from/to the port of Yangon, MICCL's main warehouse at mine site in Monywa, Myanmar.

CLOSING DATE & TIME 4th May 2007 at 4pm

Tender documents are available at the following address and queries can be done between 10 am to 4pm at MICCL Yangon office before the tender closing date.

Myanmar Ivanhoe Copper Company Limited
70 (I) Bo Chein Street, Pyay Road, Hlaing Township
Yangon, Myanmar (Tel: (95) 1 514194 to 7/ Fax: (95) 1 514208/ Email: miccl@miccl.com.mm)

ဦးမောင်မောင်အောင်(မန်နေဂျင်းဒါရိုက်တာ)
Viking Marine Products Trading Co., Ltd. သိစေရန်
သတိပေးကြေညာခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရွှေအင်ကြင်းရိပ်မွန်၊ အမှတ် ပီ–၂နေ ဦးဘွန်ဟုတ် ၂/လကန(နိုင်)၀၄၅၃၁၉၏ညွှန်ကြားချက်အရ သတိပေးကြေညာသည်မှာ–

ဦးမောင်မောင်အောင် (မန်နေဂျင်းဒါရိုက်တာ) Viking Marine Products Trading Co., Ltd. နှင့် ကျွန်တော်၏မိတ်ဆွေ ဦးဘွန်ဟုတ် (ပြည်အောင်ရတနာကုမ္ပဏီလီမိတက်)တို့သည် ၁၀–၆–၂၀၀၆ ရက်စွဲပါ ဒီဇယ်ဆီများကို အကြွေးစနစ်ဖြင့်ရောင်းချပေးရန် နားလည်မှုကတိပြုစာချုပ်တစ်ရပ်ကို ပြုလုပ်ချုပ်ဆို၍ လုပ်ငန်းလုပ်ကိုင်ခဲ့ရာ ၁၂–၃–၂၀၀၇ရက် ငွေစာရင်းရှင်းတမ်းအရ အရင်းစုစုပေါင်း ၁၀၄၀၉၀၆၃၅ကျပ်နှင့် ကုန်ဖိုးကြိုးစနစ်အတွက် ကျပ် ၁၇၉၂၀၄၀၀ စုစုပေါင်း ၁၂၂၀၁၀၃၅ကျပ်ကို ဦးဘွန်ဟုတ်သို့ပေးဆပ်ရန် ကျန်ရှိနေပါသည်။ သို့ဖြစ်ပါ၍ ကြေညာချက်ပါရှိသည့်နေ့မှ ခုနစ်ရက်အတွင်း ဦးမောင်မောင်အောင် Viking Marine Products Trading Co., Ltd. အနေဖြင့် မပျက်မကွက်ပေးသွင်းပါရန်နှင့် အကယ်၍ ပျက်ကွက်ခဲ့ ဆက်လက်ပျက်ကွက်နေမည်ဆိုပါက ဥပဒေနှင့်အညီ တရားစရိတ်အပါအဝင် တရားရုံးတော်မှ အနိုင်ဒီကရီရယူနိုင်ရေးအတွက် ဆောင်ရွက်တော့မည်ဖြစ်ပါကြောင်း သတိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ–

ဦးစန်းဝင်း(LL.B)
ဥပဒေအကျိုးဆောင်
အမှတ် ၁၂၄၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့။

အမည်ပြောင်း

အဖ ဦးတင်အေးကျော်၏သား ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း Grade-VIII-B တွင် ပညာသင်ကြားနေသော မောင်ထက်လင်းကျော်အား ယနေ့မှစ၍ မောင်ထူးပြည့်နိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ထူးပြည့်နိုင်။

မီးလောင်မှုသတင်း

ရန်ကုန် ဧပြီ ၈

မန္တလေးတိုင်း ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာ၌ ဧပြီ ၅ရက်က မီးလောင်မှုဖြစ်ပွားရာ နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့သည်။

တပ်ကုန်းမြို့နယ် နွယ်ရစ်ကျေးရွာ၌ ဧပြီ ၅ရက်က မီးလောင်မှုဖြစ်ပွားရာ နေအိမ်သုံးလုံး မီးလောင် ဆုံးရှုံးခဲ့သည်။

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက်ရှိ မိတ္တူဆိုင်တစ်ဆိုင်၌ ဧပြီ ၆ရက်က မီးလောင်မှုဖြစ်ပွားရာ မိတ္တူကူးစက်နှစ်လုံး၊ ကွန်ပျူတာတစ်လုံးမီးလောင်ဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန်လီကျေးရွာ၌ ဂြိုဟ်တုမှတစ်ဆင့် ရုပ်မြင်သံကြားဖမ်းယူကြည့်ရှုရေးစခန်းဖွင့် ရုပ်သံကြည်လင်ပြတ်သားစွာ ဖမ်းယူကြည့်ရှုနိုင်၍ ဝမ်းမြောက်

သီပေါ ဧပြီ ၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် နမ့်လန်တိုက်နယ် မန်လီကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး မြန်မာ့ရုပ်မြင်သံကြား ဖမ်းယူကြည့်ရှုရေး စခန်းဖွင့်ပွဲကို မတ် ၂၃ရက် နံနက်က အဆိုပါကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

ဖွင့်လှစ်

အခမ်းအနားတွင် နမ့်လန်တိုက်နယ် ဥက္ကဋ္ဌ ဦးစိုးကျော်လှိုင်နှင့် နမ့်လန်မြန်မာ့ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံတာဝန်ခံ ဦးအောင်နိုင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ရုပ်မြင်သံကြား ဖမ်းယူကြည့်ရှုရေးစခန်း ဖြစ်မြောက်ရေးအတွက် ကျေးရွာပြည်သူများ ထည့်ဝင်လှူဒါန်းငွေကျပ် ၄၅၀၀၀၀၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူး ဆဏ်းလှမွန်နှင့် အရာရှိ၊အရာခံ၊စစ်သည်များက လှူဒါန်းငွေကျပ် ၃၀၀၀၀ စုစုပေါင်းငွေကျပ် ၄၈၀၀၀၀ဖြင့် အကုန်အကျခံကာ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါ ရုပ်မြင်သံကြား ဖမ်းယူကြည့်ရှုရေးစခန်းမှ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များကို အရုပ်အသံ ကြည်လင်ပြတ်သားစွာဖြင့် ဖမ်းယူကြည့်ရှုနိုင်၍ ဝမ်းမြောက်လျက်ရှိကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ICDL On-Line Test များအကြောင်း မိတ်ဆက်ရှင်းလင်း

ရန်ကုန် ဧပြီ ၈

ကွန်ပျူတာ ကျွမ်းကျင်တတ်မြောက်မှုကို စစ်ဆေးပေးသည့် ICDL ကွန်ပျူတာကျွမ်းကျင်မှု လက်မှတ်နှင့် အင်တာနက်မှ တိုက်ရိုက်ဖြေဆိုနိုင်သည့် ICDL On-Line Test များအကြောင်း မိတ်ဆက်ရှင်းလင်းပွဲကို ဧပြီ ၆ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ Ocean Gate Training Centre မှ ဒုတိယဥက္ကဋ္ဌ ဒေါ်မေဖြူသွယ်က နှုတ်ခွန်းဆက်စကားပြောကြားပြီး စင်ကာပူနိုင်ငံ ICDL Asia Pacific ရုံးချုပ်မှ Business Development Manager, Ms. Tina Wu က ICDL ဘာသာရပ်များ၊ စာမေးပွဲစနစ်များ၊ အပြည်ပြည်ဆိုင်ရာက ICDL ကို လက်ခံအသိအမှတ်ပြုထားသည်များနှင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများအကြောင်းကိုအကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

အင်တာနက်နှင့် သတင်းအချက်အလက်ခေတ်တွင် လုပ်ငန်းများ တိုးတက်မြန်ဆန်အောင် ဆောင်ရွက်ရာ၌ ကွန်ပျူတာကျွမ်းကျင်မှု၏ အခန်းကဏ္ဍမှာ ပိုမိုအရေးပါလျက်ရှိသည်။

ကွန်ပျူတာကို မည်မျှအသုံးပြု

ကွန်ပျူတာကျွမ်းကျင်တတ်မြောက်မှုကို စစ်ဆေးပေးသည့် ICDL ကွန်ပျူတာကျွမ်းကျင်မှုလက်မှတ်နှင့် အင်တာနက်မှ တိုက်ရိုက်ဖြေဆိုနိုင်သည့် ICDL On-Line Test များအကြောင်း မိတ်ဆက်ရှင်းလင်းပွဲတွင် စင်ကာပူနိုင်ငံ ICDL Asia Pacific ရုံးချုပ်မှ Business Development Manager, Ms. Tina Wu ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

လုပ်ဆောင်မည်

ထို့နောက် Ocean Gate Training Centre ၏ Chief Operating Officer, ဦးသိန်းစိုးက မြန်မာနိုင်ငံတွင် ICDL စတင် လုပ်ကိုင်ခဲ့ပုံ၊ Ocean Gate အနေဖြင့် ပံ့ပိုးပေးနိုင်မှုများ၊ မြန်မာနိုင်ငံသားများနှင့် မြန်မာ့လူမှုအသိုင်းအဝိုင်းအတွက် ရရှိနိုင်မည့် အကျိုးတရားများနှင့် ရှေ့ဆက်လက်တိုးချဲ့ လုပ်ဆောင်သွားမည်များကို ဆွေးနွေးပြောကြားသည်။

အရေးပါ

ICDL သည် နိုင်ငံပေါင်း ၁၅၀ ကျော်တွင် ကွန်ပျူတာ ကျွမ်းကျင်မှုဆိုင်ရာ စံနှုန်း Standard တစ်ခုအဖြစ် အများက လက်ခံအတည်ပြုထားသော လက်မှတ်တစ်ခု ဖြစ်သည်။ ယနေ့

တတ်သည်၊ အသုံးပြုနိုင်မှုအဆင့် မည်မျှရှိသည်ကို သက်သေပြမည့် စံနှုန်းတစ်ခုရှိရန်လိုအပ်သဖြင့် ထိုစံနှုန်းများကို သတ်မှတ်ဖြည့်ဆည်းနိုင်သည့် ICDL ကို Ocean Gate အနေဖြင့် မြန်မာတို့၏ ဒီဂျစ်တယ်ပညာရေး အဆင့်မြင့်မားလာရန်ရည်ရွယ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည်။

စုံစမ်းနိုင်

စိတ်ပါဝင်စားသူများ အနေဖြင့် ICDL အသိအမှတ်ပြုစာမေးပွဲစင်တာဖြစ်သော Ocean Gate Training Centre အမှတ်(၃၅၅) အခန်း(၂၀၆) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ဖုန်း-၃၈၀၁၃၀ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ညဏ်ရည်မြင့် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ကျောင်းကုန်း မတ် ၁၅

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် သစ်ဆိမ့်ကုန်း ကျေးရွာအုပ်စု ညဏ်ရည်မြင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို ၂၀၀၄ ခုနှစ် စက်တင်ဘာ ၉ရက်က ဖွင့်လှစ်ခဲ့ပြီး အဆောက်အအုံသစ်ဖွင့်လှစ်ပွဲကို ၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၂၀ရက်နံနက် ၉နာရီက ကျင်းပရာ ဧရာဝတီတိုင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်အေးနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညဏ်လှိုင်တို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး အလှူရှင် ဦးရှဖီးနှင့်ဦးမင်းစိန်တို့က စာကြည့်တိုက်သို့ ငွေကျပ်၅၀၀၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

လားရှိုးမြို့မဈေးကြီးတွင် မီးဘေးလုံခြုံရေးပညာပေးဟောပြောပွဲနှင့် သရုပ်ပြဓာတ်တိုက်လေ့ကျင့်မှုကို မတ် ၁၄ရက်က ကျင်းပရာ တွဲဖက် ပြည်နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးလှမြင့်၊ မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်စိုးသန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိဦးတင်မြင့်၊ ဒုတိယဦးစီးမှူး(ဈေး)ဦးသန်းမြင့်စိုးနှင့် ဈေးဝန်ထမ်းများ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ သရုပ်ပြသစဉ်။ (မြို့နယ်စည်ပင်)

မီးသတ်မော်တော်ယာဉ်များ အသုံးပြုရန်ဘက်ထရီအိုးများ လှူဒါန်း

မြင်းခြံ ဧပြီ ၁

မြင်းခြံမြို့နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ကြီးကြပ်ထိန်းသိမ်းရေးကော်မတီအဖွဲ့က မြို့နယ်မီးသတ် ဦးစီးဌာနရှိ မော်တော်ယာဉ်များတွင် တပ်ဆင်အသုံးပြုနိုင်ရန် ဘက်ထရီအိုးများ လှူဒါန်းပွဲအခမ်းအနားကို မတ် ၁၅ရက် နံနက် ၁၀နာရီက မြင်းခြံမြို့ အဝေးပြေးကားရပ်နားစခန်းရှိ ကော်မတီရုံးခန်းမတွင် ကျင်းပရာ အခမ်းအနားသို့ မြင်းခြံမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းအောင်၊ မော်တော်ယာဉ်အသင်းများမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ကြီးကြပ်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးလှသန်းနှင့် အတွင်းရေးမှူး ဦးမြအောင်တို့က ခရိုင်မီးသတ် ဦးစီးဌာန ဦးစီးမှူး ဦးဇော်ဝင်းထံသို့ **(ဝဲပုံ)** တန်ဖိုး ငွေ ကျပ် ၂၆၆၀၀၀ ရှိ ဘက်ထရီအိုးနှစ်လုံးကို ပေးအပ်လှူဒါန်းကြောင်း သိရသည်။**(ခရိုင် ပြန်/ဆက်)**

နောင်တရားမြို့၌ ကလေးငယ်များအား ဝက်သက် ကာကွယ်ဆေးထိုး

နောင်တရား ဧပြီ ၂

ရှမ်းပြည်နယ်(တောင်ပိုင်း) နောင်တရားမြို့နယ် ကျန်းမာရေးဦးစီးဌာနက ကြီးမှူး၍ အသက်ကိုးလမှ ငါးနှစ်အထိ ကလေးငယ်များအား အစုလိုက် ဝက်သက်ရောဂါ ကာကွယ်ဆေးထိုး လုပ်ငန်း ဖွင့်ပွဲကို မတ် ၂၃ ရက်က နောင်တရားမြို့ ပြည်သူ့ဆေးရုံမြက်ခင်းပြင်၌ ကျင်းပပြီး တာဝန်ကျဆရာမများက ကလေးငယ်များအား သတ်မှတ်နေရာများတွင် ဝက်သက်ကာကွယ်ဆေး ထိုးနှံပေးကြသည်။

(၃၆၉)

ကျိုင်းတုံမြို့ မြို့မဈေး မီးဘေးကြိုတင် ကာကွယ်ရေးအတွက် မတ် ၂၃ရက်က ပြည်နယ်စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး၊ မြို့နယ်အမှုဆောင် အရာရှိ ဦးခင်ကျော်၊ မြို့နယ်မီးသတ် ဦးစီးမှူး ဦးအောင်သူနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊

ဈေးအကျိုးဆောင် အဖွဲ့နှင့်မြို့မဈေး အရန်မီးသတ် တပ်ဖွဲ့ဝင်များ စုပေါင်း၍ ဓာတ်တိုက်လေ့ကျင့်စဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၉ ရက် ၁၀-၄-၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မောရသုတ်နှင့် ဝဋ္ဋသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (အရည်အသွေးမြင့်မားသည့် စက်ပစ္စည်းများတိုးမြှင့်ထုတ်လုပ်နေသည့် မုံရွာ စက်မှုဇုန်မှသံရည်ကျိုစက်ရုံ)

၁၁း၃၀ မြန်မာ့မူပာန်ဓာတိမာန် ဟောပြောချက် (မြန်မာ့စရိုက် ကျေးလက်လူမှုဓလေ့-ညွှန့်ဟံ-ကြူတော)

၁၂း၀၀ သူ့အတွေးနှင့် သူ့အရေး (ယုံကြည်ခြင်း-မေခ)

၁၂း၂၀ ဓာတ်လမ်းပမာနားဆင်စရာ (ကြွေရက်ကယ်စော)

၁၂း၄၅ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (နှစ်သစ်ကူးသင်္ကြန်ပွဲတော်-ကံ့ကော်ဦး)

ညနေပိုင်း

၁၆း၀၅ ဆိုကြမြိုင်မြိုင် တေးသံပြိုင်
(၁) နွေတေးလှလှ (အဖွဲ့)
(၂) အတာကြိုးတဲ့လတန်ခူး (ကျောက်တံတားမြို့နယ်အဖွဲ့)
(၃) မုန့်လုံးရေပေါ်ဝိုင်း (ကိုဘုန်းထွတ်နှင့်အဖွဲ့)

၁၇း၀၀ တပ်မတော်စာတိုက်

၁၇း၃၀ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (လှုပ်ရှားရင်းနဲ့ အသက်ရှင်ပါ) (မှူးခန့်-ဆေးတက္ကသိုလ်)

၁၇း၄၅ နိုင်ငံ့စီးပွား ကျေးလက်ထုတ်ကုန်များ (မုံရွေးကြေးမုံစံပြကျေးရွာမှ ထုတ်ကုန်များ)

၁၈း၂၅ ကျေးလက်ဓာတ်လမ်း (အခုလိုပက်ပါမယ်)

၁၉း၁၅ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆေးဖက်ဝင် ပေါက်ပင်)

၁၉း၃၀ တူယှဉ်သီကြွေးစုံတွဲတေး
(၁) ပိတောက်ချစ်သူ (ကိုအေးသန်း၊ ကျောက်ပန်းတောင်း ခင်စိုးဦး)
(၂) နှစ်ကိုယ်တူချစ်သမျှ (ညွန့်လှိုင်လှိုင်၊ စိုးစန္ဒာထွန်း)
(၃) အနုပညာပန်းတိုင် (ဟန်တင်၊ မေရွက်ဝါ)

၂၀း၄၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ပိတောက်တွေဝေတဲ့သင်္ကြန် (ချိုပြုံး)
(၂) သင်္ကြန်လေညှင်းလုလင် (ရန်အောင်)
(၃) ပိတောက်တစ်ခက်ယူခဲ့ပါ (ချစ်စပယ်)

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၅ ခုနှစ် တရားမဇာရီမှုအမှတ်-၃၉၁ (အမ်)

မြန်မာ့စီးပွားရေးဘဏ် **နှင့်** ၁။ ဦးညွန့်လှိုင်
မိတ္ထီလာမြို့။ ၂။ ဒေါ်ဝိုင်းခင်
တရားနိုင် **တရားရှုံး**

၂၀၀၂ ခုနှစ် တရားမကြီးမှုအမှတ် ၈၄ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၇ ခုနှစ် မေ ၂၃ ရက်၊ (မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် နယုန်လဆန်း ၈ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

မိတ္ထီလာမြို့ အောင်ဆန်းရပ်ကွက် အကွက်အမှတ်(၈၃၉/ဃ-မြို့သစ်) ဦးပိုင်(၁၃၃) မြေကွက်အမှတ် (၁၃၃) မြေချိန်ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေနှင့် ယင်းမြေပေါ်ရှိ (၂၇x ၂၇)ပေရှိနှစ်ထပ်တိုက်၊ (၂၇x ၂၉)ပေရှိ မီးဖိုချောင်။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၆၀

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်းရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ ခုနှစ် မတ် ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

စိန်သန်း
တွဲဖက်တိုင်းတရားသူကြီး(၄)
မန္တလေးတိုင်းတရားရုံး။

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့ အထက (၃) ဒုတိယတန်း(A)မှ မသန်းသန်းဝင်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းငွေ ဖြစ်ပါသည်။ **ဦးထွန်းငွေ။**

အမည်ပြောင်း

မြစ်ကြီးနားမြို့ အလက (၆) အဋ္ဌမတန်း(A)မှ ဦးထိန်နိုနော်တောင်၏သား မောင်ထိန်နိုဆိုင်းအား မောင်နော်ဆိုင်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်နော်ဆိုင်း။**

နိုင်နိုင်ခကျော် မြန်မာ့ထမင်းဆိုင်

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မရ/၃၇၃၈၁ ယာဉ်လက်ဝယ်ရှိသူ ဦးဘာနုဘဒ္ဒါ မှတ်ပုံတင်အမှတ် ၅/တမန(နိုင်)၀၅၃၈၀၁က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊ (ကလေးမြို့)။

သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျောက်မဲခရိုင် မိုင်းငေါ့မြို့ မန်ခေါက်ရွာနေ ကျွန်မ၏သားဖြစ်သူ မောင်ပန်းစိန်သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန် ယူမည်မဟုတ်ပါ။

ဒေါ်အေးစံ ၁၃/ကမန(နိုင်)၀၂၂၇၉၀
မန်ခေါက်ရွာ။

မဇ္ဈိမဒေသရှိ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သော အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များ၏အဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး(ဗုဒ္ဓဘာသာပညာရေးဗိမာန်တော်ကြီး)အတွက် ရန်ကုန်တိုင်း ရန်ကင်း မြို့နယ် တိုက်အမှတ် ၂၂၅ နေ ဖခင်ဦးအေးမြင့်အား ရည်စူးလျက် ဇနီးဒေါ်စန်းစန်းကြည်နှင့်သမီး ရုပ်ရှင်၊ ဗီဒီယိုသရုပ်ဆောင် မိုးပြည့်ပြည့်မောင် မိသားစုက ငွေကျပ်တစ်သိန်းကို အကျိုးတော်ဆောင်ဆရာတော်ဥက္ကဋ္ဌ ဦးရာဇိန္ဒနှင့် အထွေထွေအတွင်းရေးမှူး အရှင်ဥက္ကဋ္ဌ (မြစ်ကျိုး)၏ ရှေ့မှောက်တွင် ကျောင်းတော်ကြီးဖြစ်မြောက်ရေး အကျိုးတော်ဆောင်အဖွဲ့ ဒေါ်ကေသက်မော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပြည်လုံးချမ်းသာ ပြည်လုံးကျွန်းမာစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်

ရန်ကုန် ဧပြီ ၈

ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့နယ် ဆပ်သွားအလယ်ရွာ ပရိယတ္တိ ပါဠိစာသင်တိုက်အတွင်း တည်ထားကိုးကွယ်တော်မူသော ပြည်လုံးချမ်းသာ ပြည်လုံးကျွန်းမာစေတီတော်မြတ်ကြီး၏ (ပထမ) အကြိမ် ဗုဒ္ဓပူဇနီယပွဲတော်ကို ဧပြီ ၂၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီမှ မွန်းလွဲ ၁ နာရီအထိ ကျင်းပမည်ဖြစ်ရာ ရပ်ဝေး ရပ်နီးနေ တပည့်ဒါယကာ၊ ဒါယိကာမများအား ပါဝင်လှူဒါန်းနိုင်ရန် ဖိတ်ကြား နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

ရှမ်းချောင်း-ရွှေဒူးကျေးလက် ကျောက်ချောလမ်းသစ်ဖွင့်

မြိတ် ဧပြီ ၂

မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ယူဆောင်ရွက်ပြီးစီးခဲ့သော ရှမ်းချောင်း-ရွှေဒူးကျေးလက် ကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၃ ရက် နံနက်က လမ်းဖွင့်ပွဲမှုခ်ဦး၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးနှင့် စစ်ဘက်နယ်ဘက် အရာရှိများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်

အခမ်းအနားတွင် ကျောက်ချောလမ်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ရွှေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ရှမ်းချောင်း-ရွှေဒူး ကျောက်ချောလမ်းမှာ မြို့နှင့်ကျေးရွာဆက်သွယ်သော လမ်းဖြစ်ပြီး အရှည် ၅ မိုင် ၇ ဖာလုံကို ငွေကျပ် ၆၀၇၈၀၂၀၀ ဖြင့် အကုန်အကျခံ၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ မြိတ်မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၄၀ မှ ပြည်သူများ ရာသီမရွေး သွားလာရေး လွယ်ကူခဲ့ပြီဖြစ်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်ပြီးစီးသော ရန်ကင်းရပ်ကွက် အထက(၁)လမ်း အရှည်ပေ ၈၁၅၀၊ အကျယ်ပေ ၃၀ရှိ ကတ္တရာလမ်းသစ်နှင့် ပလက်ဖောင်းအရှည်ပေ ၁၁၅၉၀ ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၅ရက်က အဆိုပါလမ်းမုခ်ဦး၌ ကျင်းပရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက လမ်းကမ္ပည်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

(မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

သင်္ကြန်ကာလ သတိပြုရန်

(က) **မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းအတွင်း ယာဉ်မောင်းသူများ လိုက်နာရန်။**
- (၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။
- (၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။
- (၃) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက် ဖြုတ်မမောင်းရ။
- (၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
- (၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။
- (၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်း မပြုရ။
- (၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗိုးတက်)မပါဘဲ မမောင်းရ။
- (၈) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။
- (၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်း မပြုရ။
- (၁၀) ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်မျှ စီးနင်းခြင်း လုံးဝမပြုရ။
- (၁၁) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝမတီးရ။

(ခ) **ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။**

(ဂ) **သင်္ကြန်ကာလအတွင်း ယာဉ်မောင်းနှင်သူများအား အရက်သေစာသောက်စားထားခြင်း ရှိ/မရှိ အရက်မူးတိုင်းကိရိယာ (Alcohol Tester) ဖြင့် တိုင်းတာစစ်ဆေး၍ အရေးယူဆောင်ရွက်သွားပါမည်။**

(ဃ) **ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွ မီးပွိုင့်များတွင် ခေတ်မီပစ္စည်း ကိရိယာများဖြစ်သော CCTV Camera, Red Light Camera များတပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများအား အဆိုပါ ကင်မရာများဖြင့် ရိုက်ကူးပြီး အရေးယူဆောင်ရွက်သွားပါမည်။**

(င) **"သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကို အကျည်းတန်မည်စ်နွမ်းပါစေနှင့်"**

ရန်ကုန်တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ဆင်က-တောင်တဲကြီး လမ်းသစ်ဖွင့်

ချောက် မတ် ၃၁

ချောက်မြို့နယ် ဆင်က-တောင်တဲကြီး မြေသားလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၄ရက်က အဆိုပါ လမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးသန်းက မြေသားလမ်းသစ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသီဟနှင့် မြို့နယ်အမှုဆောင်အရာရှိ ဦးစိုးသန်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

အဆိုပါ ဆင်က-တောင်တဲကြီး မြေသားလမ်းသစ်မှာ အရှည်ပေ လေးမိုင် အကျယ် ၁၈ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၉၄၈၀၀၀၀ ဖြင့် အကုန်အကျခံ၍ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

ပဲခူးတိုင်းအရှေ့ပိုင်းအတွင်းရှိ ဆက်သွယ်ရေးစခန်းများ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၈

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၇ရက် နံနက်ပိုင်းက ပဲခူးတိုင်းအရှေ့ပိုင်း ဆွာမြို့သို့ ရောက်ရှိပြီး မိုက္ကရိုဝေ့ဗ်စခန်းကို ကြည့်ရှုစစ်ဆေးကာ အဆင့်မြှင့်တင်နိုင်ရေး၊ အရန်ဆက်ကြောင်းများထားရှိရေးတို့အတွက် လိုအပ်သည်များကို မှာကြားသည်။ ထို့နောက် ဝန်ကြီးသည် ရေတာရှည်မြို့သို့ ရောက်ရှိပြီး လက်လှည့်တယ်လီဖုန်းအိတ်ချိန်းကို ကြည့်ရှုစစ်ဆေးကာ အော်တိုတယ်လီဖုန်းစနစ် တပ်ဆင်ရေးကို စီစဉ်ပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် ကေတုမတီမြို့သစ်ရှိ GSM မိုဘိုင်းဆက်သွယ်ရေးစခန်းနှင့် အော်တိုတယ်လီဖုန်းအိတ်ချိန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်သွယ်ရေးစခန်း

ဆက်လက်၍ ဝန်ကြီးသည် တောင်ငူမြို့သို့ရောက်ရှိပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ပဲခူးတိုင်းအရှေ့ပိုင်းတွင် ကျောက်ကြီး၊ ရေနီ၊ ရေတာရှည်၊ ပျဉ်ပုံကြီး၊ ကဝ၊ ဆွာ၊ ဝေါမြို့နယ်များတွင် တယ်လီဖုန်းစနစ်များ တိုးချဲ့တပ်ဆင်နိုင်ရေးတို့အတွက် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးသည် တောင်ငူမြို့ အော်တိုတယ်လီဖုန်းအိတ်ချိန်းနှင့် မိုဘိုင်းဆက်သွယ်ရေးစခန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း သတင်းစာများ အလှည့်ကျထုတ်ဝေမည်

ရန်ကုန် ဧပြီ ၈

၁၃၆၈ ခုနှစ် နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများဖြစ်သည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ကို အလှည့်ကျထုတ်ဝေသွားမည်ဖြစ်သည်။

ဧပြီ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆ ရက်တို့တွင် ကြေးမုံသတင်းစာကို ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် မြန်မာ့အလင်းသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ နားမည်ဖြစ်သည်။

ဧပြီ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁ တို့တွင် မြန်မာ့အလင်းသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ကို ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် ကြေးမုံသတင်းစာ နားမည်ဖြစ်သည်။

(သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တပ်ကုန်းမြို့နယ်၌ မွေးမြူရေးခြံများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၇ ရက် နံနက် ၈ နာရီက မန္တလေးတိုင်း တပ်ကုန်းမြို့နယ် ကံကြီးကျေးရွာ မွေးမြူရေးဇုန်(၁)ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း သိုးမွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရောဂါကာကွယ်ဆေးများ ထိုးနှံပေးရန်နှင့် သိုးမွေးမြူရေးလုပ်ငန်းကို ယခုထက်ပိုမိုတိုးချဲ့မွေးမြူသွားရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဆိတ်မွေးမြူရေးခြံနှင့်သိုးပေါက်မွေးမြူရေးခြံ၊ နို့စားနွားမွေးမြူရေးခြံတို့ကို သွားရောက်စစ်ဆေးကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးနှင့်အဖွဲ့သည် နံနက် ၁၁ နာရီတွင် တပ်ကုန်းမြို့နယ် ရွှေမြို့ကျေးရွာ မွေးမြူရေးဇုန်(၂)ရှိ မန္တလေးတိုင်း မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၏ ဆိတ်မွေးမြူရေးခြံ၊ တည်ဆောက်ဆဲ အစာစပ်စက်ရုံများနှင့် နို့ချက်စက်ရုံများ၊ နို့စားနွား မွေးမြူရေးခြံတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အဆင့်မြင့်တန်းကွင်းပိတ်ပြိုင်ပွဲ စီးပွား/ ကူးသန်းဗိုလ်စွဲ ရွှေဘောလုံးဆု မိုးဝင်း၊ ရွှေဖိနပ်ဆုအောင်ကျော်မျိုးရရှိ

သတင်းမြင်ကွင်း - ကိုထွေး

ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၆-၂၀၀၇ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းကွင်းပိတ်(ရှုံးထွက်)ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်ကို ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်း အားကစားပြိုင်ကွင်း၌ ကျင်းပရာ စီးပွား/ကူးသန်းအသင်းက စွမ်းအင် အသင်းကို ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။

မပါဝင်

ဗိုလ်လုပွဲဖြစ်သည်နှင့်အညီ နှစ်သင်းစလုံး ခြေကုန်ထုတ်၍ ရေကုန်ရေခန်း ယှဉ်ပြိုင်ကစားရာ အကြိတ်အနယ်ပွဲကြီးပွဲကောင်းဖြစ်ခဲ့သည်။ ပထမပိုင်းတွင် စွမ်းအင်အသင်းက ကစားကွက်ဖော်နိုင်ပြီး ပိုမိုထိုးဖောက်ကစားနိုင်ခဲ့သည်။ စီးပွား/ကူးသန်းအသင်းမှ အထူးအားထားရသော မိုးဝင်းနှင့် ရာဇာဝင်းသိန်းတို့ မပါဝင်၍ ကွင်းလယ်ကစားကွက် အနည်းငယ်အားနည်းခဲ့ရသည်။

အချိန်ပို

ဒုတိယပိုင်းတွင် စီးပွား/ကူးသန်းအသင်းက အားကစားသမားများ လူစားလဲလှယ်၍ တိုက်စစ်အားမြှင့်တင်ခဲ့ရာ အပြန်အလှန်ထိုးဖောက် ကစားကြပြီး ပရိသတ်အကြိုက်တွေ့ခဲ့သည်။ ပုံမှန်ပွဲကစားချိန် မိနစ် ၉၀ ပြီးဆုံးသည်အထိ တစ်ဖက်နှစ်တစ်ဖက်ဂိုးမသွင်းနိုင်၍ အချိန်ပိုမိနစ် ၃၀ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။ အချိန်ပိုမိနစ် ၃၀ ဆက်လက်ယှဉ်ပြိုင်ကစားရာတွင်လည်း ခြေရည်တူအနေအထားဖြစ်နေပြီး ဂိုးမသွင်းနိုင်ခဲ့ချေ။

စာမျက်နှာ ၁၃ ကော်လံ ၁ ✱

တံခွန်စိုက်ဒိုင်းဆုကြီး ချီးမြှင့်

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အဆင့်မြင့်တန်း အမှတ်ပေးချန်ပီယံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းအား တံခွန်စိုက်ဒိုင်းဆုကြီး ချီးမြှင့်စဉ်။

ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)